WWW.DHAMMARANSI.COM

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ

သဲအင်းဂူ ကျောင်း ကမ္မဋ္ဌာနာစရိယ

ကျေးဇူးရှင်

## သဲအင်းဂူဆရာတော်ဘုရားကြီး

ကိုယ်တိုင်ဟောကြားတော်မူသော


# နှစ်မဂ်နှစ်ဖိုလ်

# အသုဘခန္ဓာကိုယ်

## ခန္ဓာကိုယ်တွေ့ကျင့်စဉ်တရားတော်များ

၆၄

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ
သဲအင်းဂူကျောင်း၊ ကမ္မဋ္ဌာနာစရိယ
ကျေးဇူးရှင်

## သဲအင်းဂူဆရာတော်ဘုရားကြီး

ကိုယ်တိုင်ဟောကြားတော်မူသော

# နှစ်မဂ်နှစ်ဖိုလ်
# အသုဘခန္ဓာကိုယ်

## ခန္ဓာကိုယ်တွေ့ကျင့်စဉ်တရားတော်များ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၃၉၉၀)

ပထမအကြိမ်၊ ၁၉၇၀-ခု၊ ဇွန်လ အုပ်ရေ ၅၀၀၀။

ထုတ်ဝေသူ။ ။ဦးဩဘာ (ကင်းလွတ်ခွင့် ၀၁၂၂၉)
မိုးညှင်းကျောင်းဘုရား ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ
နိဗ္ဗာန်ဆော်ဝတ်အသင်း အကျိုးတော်ဆောင်
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။မောင်သန်းဦး (၀၇၃၂-မြ)
မိဘမေတ္တာ ရွှေတံဆိပ်ပုံနှိပ်တိုက်၊
၂၇၊ ဗဟန်းလမ်းမကြီး၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

# အမှာစာ နိဒါန်း။

ဤ "နှစ်မင်္ဂ နှစ်ဖိုလ် အသုဘခန္ဓာကိုယ်" တရား စာအုပ်ကို ကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် (၂၁)လ ထိုင်ရာမထ လူသေလျှင်သေ, မသေလျှင် တရားရပြီး ကိလေသာသေဟု၊ အဓိဋ္ဌာန်ပြုပြီး ကျင့်ကြံ အားထုတ် သော ခန္ဓာကိုယ်တွေ့ တရားများကို မိုးညှင်းကောင်း အရိယာမေတ္တာရုံကြီး တွင် ဟောကြားပါသဖြင့်၊ အများ‌ဝေနေယျ ယောဂီဆွေမျိုး ညာတကာအပေါင်း သိစေကြောင်း ရည်မှန်းပြီး၊ တိုက်ရိုက် တရားမှ ကူးယူပုံနှိပ်ထုတ်ဝေလှူဒါန်းပါသည်။

ထိုစာအုပ်ပါတရားများသည် မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးကိုယ်တိုင်က ဝိပဿနာတွင် အဆုံးတရားဟု သတ်မှတ်ထား သော **အသုဘ** အရင်းခံပြီး အဆိုပါ အသုဘကို၊ ယခုနှစ် ၁၃၃၁-ခု၊ ဝါတွင်းကာလ သဲအင်း အဓိဋ္ဌာန် ဂူအတွင်း (၄)လ တိုင်တိုင် ပြသရာတွင်၊ အသုဘ ခန္ဓာ ကိုယ်တွေ့, တွေ့ကြသော ယောဂီအများ ပိုမိုသိရှိအထောက်အထား ရစေရန်ဖြင့်။ မြို့နယ် အရပ်ရပ်ရှိသော၊ တရားယောဂီ ဆွေမျိုးအပေါင်း၊ ၎င်းဆရာ တော်ဘုရားကြီးကိုယ်တိုင် ဟောကြား ထားခြင်းကို ကိုယ်တိုင်

WWW.DHAMMARANSI.COM

လာရောက်မနာကြားရသော်လည်း ဘတ်ရှုမှတ်သား ခြင်းဖြင့်၊ လိုအင်ဆန္ဒပြီးမြောက် ခရီးရောက်ရန် ရည်ရွယ်ချက် ဆုခိုင်နှုန်း အပြည့်ဖြင့် ကျွန်တော်များ၏ အသင်း အရိယာဓမ္မာရုံကြီးမှ ရိုက်နှိပ်ထုတ်ဝေ လှူဒါန်းအပ်ပါကြောင်း။

## (ပုံ) ဩဘာ

နိဗ္ဗာန်ဆော်အကျိုးတော်ဆောင်
အရိယာဓမ္မာရုံကြီး
မိုးညှင်းကောင်းဘုရား
ရန်ကင်းစာတိုက်
ရန်ကုန်မြို့။
ဖုန်း—၅၁၁၉၈

ဓမ္မဒါနပြုလိုသော ယောဂီများ ဆက်သွယ်ပါက သာသနာကြီး၏ အကျိုးအတွက် ကူညီရန်အသင့် ရှိပါကြောင်း။

WWW.DHAMMARANSI.COM

တရားကလဲ ဘာ ဟောရမှန်းလဲ မသိဘူး၊ ကျောင်းမှာလဲ ဟောရ၊ တလောကလေးကလဲ တက္ကသိုလ်ဓမ္မာရုံကြီးမှာ ဟော ခဲ့ရတယ်။ အခုတခါ မိုယ်းကောင်းဓမ္မာရုံလာပြီး ဟောရပြန်တယ်၊ တရားတွေက ထပ်များ နေမလား မပြောတတ်ဘူး၊ စာကျက် ထားလို့ ရှိရင်တော့ စာအုပ်ထဲကြည့်ပြီး ငါနက်ဖြန် ဘာဟောရ မယ်၊ သဘက်ခါ ဘာဟောရမယ်ဆိုတာ စာအုပ်ကြီးလှန်ပြီးကြည့် လို့ ရှိရင် သိမယ်၊ အခု ဘာ ဟောရမှန်းလဲ မသိဘူး၊ ပစ္စုပ္ပန် ဟောရမှာပေါ့နော်၊ ပစ္စုပ္ပန် တရား ဆိုတော့ မော်လမြိုင်က တကာကြီးတယောက် စောစောကဦးပဥ္စင်းကိုလာလျှောက်တယ်၊ အရှင်ဘုရား— အရှင်ဘုရားထံကို တပည့်တော် အိပ်မက် မက်ပြီး လာတာပါ၊ အရှင်ဘုရားကိုဖူးချင်လို့ သင်္ဃအင်းဂူကျောင်းကို အခု မနက်သွားပါတယ်၊ အခုမနက်သွားတော့ သင်္ဃအင်းဂူမရောက်ခင် မှော်ဘီကျတော့ တရုပ် ဦးရွှေဖူးကနေပြီးတော့ ဟာ—ခင်ဗျား မြန်မြန်သွား မိုယ်းကောင်းမှာ တရား ဟောလိမ့်မယ်၊ အဲဒီမှာ

WWW.DHAMMARANSI.COM



တရားသွားနာချေ၊ ဦးရွှေဖူးဆိုတာက ဦးပဥ္စင်းရဲ့ ယောဂီတဦးဘဲ၊ သဲအင်းဂူမှာ ဝါတွင်း (၄)လ အဓိဋ္ဌာန်ဝင်ပြီး မပြန်ဘဲနဲ့ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ဘဲ၊ အဲဒီတကာကတွန်းလှတ်လိုက်တော့ မိုးညှင်းကောင်းကိုရောက်လာတယ်။

မိုးညှင်းကောင်းကို ရောက်လာတဲ့ အချိန်အခါကြတော့ သူကပြောတယ်၊ အရှင်ဘုရား— တပည့်တော် မော်လမြိုင် ကတိုးကော့နှပ်သားပါတဲ့ ကတိုးကော့နှပ်မှာ တပည့်တော်တရားပြပါတယ်ဘုရားတဲ့၊ ပြတော့ တကာမဘဲ လာတယ်၊ တကာ တယ်မရှိဘူး၊ အဲဒီတော့ ပစ္စုပ္ပန် အခုကြည့်လိုက်ပြန်တော့လဲ တကာမကြီးတွေဘဲလာတယ်၊ တကာတွေ ဘယ်သွား နေသလဲတော့ မပြောတတ်ဘူး၊ ဘုရားလက်ထက်က ပါသွားကုန်ပြီထင်တယ်၊ မြတ်စွာဘုရားလက်ထက်က တကာတွေ ပါသွားကုန်ပြီ၊ ကုန်သလောက်ရှိနေပြီ၊ အခု နောက်ပိတ်ဆုံး သာသနာကာလ ဝိမုတ္တိယုဂခေတ်၊ အနတ္တသာသနာ တပတ်ပြန်လှည့်လာတဲ့ အချိန်အခါ ကြတော့ သာသနာတဝက် မင်းကောင်းတဆက်တဲ့၊ သာသနာတဝက် မင်းကောင်း တဆက်လို့ ရှေ့က ဒီလိုပညတ်ပြေးတယ် မဟုတ်လား၊ သာသနာတဝက် မင်းကောင်းတဆက်ဆိုတဲ့ ဥစ္စာ အခု ၂၅၀၀-ကျော်လာလို့ အခုနောက်ပိတ်ဆုံးသာသနာ ၂၅၀၀-ထဲ ဝင်လာပြီ မဟုတ်လား၊ ဝင်လာတဲ့အချိန်အခါ သာသနာတဝက် ကျော်လာပြီမဟုတ်လား။

WWW.DHAMMARANSI.COM



သာသနာ့တဝက် မင်းကောင်းတဆက် ဆိုတော့၊ သာသနာ့တဝက်ကျတော့ တကာကြီးအကျင့်နဲ့ဝင်တဲ့ပုဂ္ဂိုလ်တွေကို အမြိုမြိုအရှာရှာမှာ ဟိုကလဲ ဝိပဿနာ၊ ဒီကလဲ ဝိပဿနာ၊ ဝိပဿနာတရားကို နာကြားမှ လောကီတရားတွေကို မနာနိုင်တော့ဘူး၊ လောကီတရားတွေကို မနာနိုင်တော့လို့ အခုနာတာက ဘာလဲ၊ ဝိပဿနာတရား၊ အမြိုမြိုအရှာရှာမှာပွင့်လင်းတဲ့ ဓမ္မရတနာတွေ အဲဒီ သာသနာ့တဝက်မင်းကောင်းတဆက်ဆိုတာ ပေါ်ရမှာကိုး မင်းဆိုတာကဘာမင်းလဲ ဘယ်လိုမင်းလဲ၊ သာသနာ့တဝက် မင်းကောင်းတဆက် ဆိုတာ သစ္စာ ၄ ပါး တရားတော်မြတ်ကြီးက ပေါ်လွင်ရလိမ့်မယ်၊ သစ္စာ ၄ ပါး တရားတော်မြတ်ကြီးက သောတပန်မြင်တဲ့သစ္စာတပါး၊ သကဒါဂါမ်မြင်တဲ့ သစ္စာတပါး၊ အနာဂါမ်မြင်တဲ့သစ္စာတပါး၊ရဟန္တာမြင်တဲ့သစ္စာတပါး၊အမှန်မြင်တာက သစ္စာကြီးတတ်တယ်၊ အဲဒီတော့ ပညတ်လို့သာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ၊ သစ္စာ ၄ ပါးဘဲ။ ဒုက္ခနဲ့ ဒုက္ခမြင်ရင် သမုဒယမြင်လိမ့်မယ်၊ ဒုက္ခသမုဒယ ဒီ ၂ လုံးမြင်လိုက်ပြီဆိုရင် မဂ္ဂနဲ့ နိရောဓက အလိုလို အကျုံးဝင်ပြီးသား၊ မြင်ရမှာက ဘာလဲ ဒုက္ခမြင်အောင် ကြည့်ရလိမ့်မယ်၊ ဒုက္ခမြင်မှ သာလျှင် ဒုက္ခဖြစ်ခြင်းအကျိုးတရားကိုမြင်မှ ဒုက္ခဖြစ်ကြောင်း အကြောင်းကို ပြန် ရှာ လိမ့် မယ်၊ ဒု က္ခ ဖြစ် နေ တဲ့ အကျိုး တရား ကြီးဟာ အကြောင်းပြန်ရှာလိုက်တော့ ဒီဒုက္ခဖြစ်နေတာ ဘာကြောင့်ဖြစ်လဲ အကြောင်းသမုဒယကြောင့် အကျိုး ရုပ်-နာမ် ဒုက္ခတွေဖြစ်နေပါသလားလို့ အကြောင်းသမုဒယ အကျိုး ရုပ်နာမ် ဒုက္ခကိုမြင်ပြီမဟုတ်လား၊ ဒုက္ခ- သမုဒယ ဒီ ၂ လုံးနဲ့ သစ္စာ ၄ ပါးဘဲ၊ အဲဒီ

WWW.DHAMMARANSI.COM



တော့ သောတပန်မြင်တဲ့ သစ္စာကတပါး၊ သကဒါဂါမ် မြင်တဲ့ သစ္စာတပါး၊ အနာဂါမ်မြင်တဲ့သစ္စာတပါး၊ ရဟန္တာမြင်တဲ့သစ္စာ တပါး၊ မြင်တာ အမြင်တမျိုးစီ။

ဆရာတော်ကြီးတော့ လင်္ကာလေး စပ်ဆိုထားတာရှိတယ်တကာ ကြီးရဲ့ မနုဿတဒ္ဒုလ္လဘာအခါတွင် ရုပ်နာမ် ၂-ချက် ဖြစ်ပျက် မမြင်၊ တရားသက်တန်း၊ ကုန်ခမ်းပျော်ရှင်၊ အနေမမြတ်လို့၊ သေကြုပ်ရှင်ကြုပ်ပေ၊ အသက်ကြီးပေမဲ့တကာကြီး တရားကြွ တော့မကျင့်နိုင်ကြဘူး၊ ရုပ်နာမ်လဲမမြင်ဘူး၊ အသက်ကတော့ ရှည်ပါရဲ့၊ သက်ဆိုးရှေ့ဖြစ်နေပြီ၊

အခုနဲ့— သုဿာန်ဆရာတော်လဲ ဟောသွားတယ် မဟုတ် လား၊ သက်ဆိုးရှေ့ဖြစ်ရင် မြတ်ပါ့မလား။ အဲဒီတော့ မနုဿတ ဒ္ဒုလ္လဘာအခါတွင် ရုပ်နာမ် ၂-ချက် ဖြစ်ပျက်ဉာဏ်မြင်၊ တနေ့ တရက် အသက်ရှည်လျှင်၊ အနေမြတ်လို့၊ သေမြတ် ရှင်မြတ်ပင်၊ တနေ့တရက်ကလေး၊ ဒါကရုပ်တဲ၊ ဒါကနာမ်တဲ၊ ဒီလိုသိလိုက်ပြီ ဒါက ရုပ်၏သဘောတရား၊ ရုပ်၏ သဘာဝလက္ခဏာ၊ ဒါကနာမ်၏ သဘာဝလက္ခဏာ၊ နာမ်၏ သာမညလက္ခဏာ၊ ဒါကရုပ်၏သာမည လက္ခဏာ၊ ဒါက အသုဘ၏ သဘာဝလက္ခဏာ၊ ဒါက အသုဘ၏ သာမညလက္ခဏာ၊ ဒါက ဓါတ်၏ သဘာဝလက္ခဏာ၊ ဓာတ်၏ သဘာဝ သာမညလက္ခဏာ၊ ဒီလို- ဓာတ်ပိုင်းရယ်၊ ရုပ်ပိုင်းရယ်၊ နာမ်ပိုင်းရယ်၊ အသုဘပိုင်းရယ်၊ ခန္ဓာတဲမှာ ဓါတ်ပိုင်းရော၊ ရုပ် ပိုင်းရော၊ နာမ်ပိုင်းရော၊ စေတသိက်ပိုင်းရော၊ အသုဘလက္ခဏာ

WWW.DHAMMARANSI.COM



ပိုင်းရော၊ ခန္ဓာထဲမှာ ပရမတ် စာတွေ မဟုတ်လား၊ သစ္စာလေးပါး တရားတော်မြတ်ကြီး၊ မဂ္ဂင် ၈-ပါး၊ ပဋိစ္စ သမုပ္ပါဒ် ဟောတဲ့ တရားတွေကဘာလဲ၊ အကျိုးတရား၊ ပဋိပတ်အကြောင်းကြောင့် ပရိယတ်အကျိုးတရားထွက်လာတယ်။ အကြောင်းအကျိုးမဟုတ်လား။

သာသနာတစက် မင်းခေါင်းတဆက်ကြတော့၊ ဘုရားထားပစ်ခဲ့တဲ့ ပရိယတ်ဒေသနာအစဉ်တွေကို ကြည့်ပြီးတော့ ဆေးစာတွေထားပြီးတော့ ခန္ဓာမှာရှာရလိမ့်မယ်၊ ပရိယတ် အကြောင်းတရားဖြစ်သွားပြီတကာကြီးရဲ့၊ ဘုရားကဟောထားတယ်၊ ငါလိုလုပ်ရင် ငါလိုရမယ်တဲ့ ငါလိုကျင့်ရင် ငါလိုတွေ့လိမ့်မယ်၊ ငါလိုမြင်ရင် ငါလို သိလိမ့်မယ်။ ဘုရားဟောထားတဲ့ အလုပ်ကို လုပ်လို့ရှိရင် ဘုရားနောက်ကို လိုက်ရလိမ့်မယ်မဟုတ်လား၊ အဲဒီတော့ ဘုရားက အကာလိကောတဲ့၊ အခါမလင့်အချိန်မရွေး အခုလုပ်ကြည့်၊ အခုတွေ့လိမ့်မယ်၊ သင်းချိုင်းကုန်း လက်ညှိုးထိုးမပြဘူး၊ တမလွန် လောက လက်ညှိုးထိုး မပြဘူး၊ အခု လုပ်ကြည့် အခုတွေ့လိမ့်မယ်တဲ့၊ ဘုရားက ငါဟောတဲ့စကား မယုံနဲ့ အုံးတဲ့ မယုံပါနဲ့၊ ဦးပဥ္စင်း ဟောတာလဲ မယုံပါနဲ့ လုပ်ကြည့် လုပ်ကြည့် လို့ တွေ့ရင် အဲဒီတော့ သိလိမ့်မယ်၊ မလုပ်ဘဲနဲ့သိတဲ့ တရားမျိုးမဟုတ်ဘူး၊ အပြောတရား မဟုတ်ဘူး အလုပ်တရား၊ အပြောတရားကတော့ပြောတာဘဲရှိတယ်၊အပြောတရားကတော့ ပြောနေတာဘဲ ရွတ်နေတာဘဲ၊ တကာကြီးတို့ ဦးပဥ္စင်းတို့သံသရာ လဆန်း (၁)ရက်ထဲက အပြောသမားတွေဖြစ်လာတယ်၊ အပြော

WWW.DHAMMARANSI.COM



သမားတွေဖြစ်ခဲ့တာများခဲ့ပြီ၊ အမှန်တရားတွေမမြင်ခဲ့လို့ သံသရာကြီးကို ပြေးလျှောက်ပြီး လယ်ခဲ့တယ်တကာကြီးရှဲ။

ခွေးတွေဖြစ်လိုက်၊နွားတွေဖြစ်လိုက်၊ ဝက်တွေဖြစ်လိုက်၊ကြက်တွေဖြစ်လိုက်၊ ရေထဲက ငါးတွေဖြစ်လိုက် ဦးပဥ္စင်း ဖြစ်လာတဲ့ ဥစ္စာတွေကို အတိတ်ပြန်ပြီးကြည့်လိုက်လို့ရှိရင် တုံ့လှုပ်သွားတယ် ရုပ်အစဉ်၊ ခန္ဓာအစဉ်၊ နာမ်အစဉ် ပြောင်းလာခဲ့တာ၊ ပြောင်းလဲပြီးဖေါက်ပြန်လာခဲ့တဲ့ တရားတွေ၊ ဒါတွေကို အတိတ်ကို ပြန်ပြီး မြင်လိုက်တော့ ခံရတဲ့ပဋိစ္စသမုပ္ပါဒ်၊ ရုပ်နာမ်ဒုက္ခ၊ ခန္ဓာအစဉ်၊ ရုပ်အစဉ်၊ နာမ်အစဉ်တွေ ပြောင်းလာတဲ့ သံသရာဒုက္ခ အတိတ်ပြန်မြင်တော့ တုံ့လှုပ်သွားတယ်၊ အတိတ်ပြန်မြင်တော့ ခံခဲ့ရတာကိုး ဒီလိုမြင်တော့တာကာကြီးရေ တုံ့လှုပ်တယ်၊ ကြောက်တယ်၊အများကြီးကြောက်တယ်၊ ဦးပဥ္စင်းအတိတ်ကာလတုံးက လူကောင်းမှ မဟုတ်ဘဲ၊ စာကလဲမတတ်ဘူး၊ စာကလဲ အခုနေ ယဿာန္တဘာဝါ တော မရွတ်တတ်ဘူး၊ ဆွမ်းစားပင့်လို့ ပရိတ်ရွတ်ရမယ်ဆိုရင် ပရိတ်ရွတ်တတ်တဲ့ ပုဂ္ဂိုလ်တွေကို လွှတ်လိုက်ရော၊ ကိုယ်မှမရွတ်တတ်ဘဲကို၊ ဦးပဥ္စင်း တဝါကျော်ကျော်လောက်ရတော့ သူများရွတ်တော့လဲ ကိုယ်ကရွတ်ချင်တယ်၊ ဘယ်လိုရွတ်သလဲ ဆိုတာသိချင်သလား၊ မှားရွတ်နေတာကိုပြောတာ ကိုယ်ကတော့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်နေတယ်။

မင်္ဂလာတရားတော်မြတ်ကြီးကို ဟောချင်လို့ သဘောတော့ တယ်နော် စာလို့ရွတ်လိုက်တော့ မှားနေရော တကာကြီးရေ

WWW.DHAMMARANSI.COM



စာလိုရွတ်တော့ဘယ်လိုရွတ်တယ်ထင်သလဲ ဦးပဥ္စင်းရဲ့တကာကြီး တယောက်ရှိတယ်၊ဦးပဥ္စင်းရဲ့တကာကြီးက သိမ်ကြီးဈေး ဦးဘရင်လေး- ဦးဘရင်က စာတတ်တယ်၊ ဦးပဥ္စင်းက ရသလိုလို ဘာလိုလိုနဲ့ တကာကြီးရဲ့၊ အမှတ်တမဲ့ကောက်ပြီးရွတ်လိုက်တယ်၊ ကိုယ်က မင်္ဂလာ တရားတော်မြတ်ကြီး ဟောချင် တာကိုး၊ ဘယ်လိုကောက်ပြီးရွတ်လိုက်သလဲဆိုတော့"ဘောဒေဝပုတ္တာ အိုနံ့တ်သား ဗာလာနံ လူမိုက်တို့ကို ယာသေဝနာစ အကျင်မမှိဝဲ မဆည်းကပ်ရခြင်းသည်ရင်း၊ ပဏ္ဍိတာနံ ပညာရှိတို့ကို ယာ သေ ဝ နာစ အကျင် မှိဝဲဆည်းကပ်ရခြင်းသည်ရင်း၊ အဲဒီလို ရွတ်လိုက်တော့ မှားကုန်ရော၊ နို့စာမှမတတ်ဘဲ စာတတ်တဲ့ ပုဂ္ဂိုလ်တွေက ဟာစာတွေရွတ်နေတာ ကြည့်စမ်းပါလား၊ ဒီကတော့ သဘော ဟော ချင်လို့ သူသာနံဆရာတော်က စာလိုရွတ်တော့ ဦးပဥ္စင်းကလဲ ရွတ်တော့ ရွတ်ချင်သေးတယ်။

ဘာကြောင့်လဲ ကိုယ်ကစာမှ မတတ်ဘဲ၊ စာမှတတ်တော့ စာသံကလေး နားထောင်ရတာ တယ်ပြီး ပီတိဖြစ်တယ်၊ ဘာကြောင့်လဲတဲ့ နားလို့ကောင်းတယ်၊ အသံလေးက ချော့တယ်၊ ရွတ်လို့ကောင်းတယ်၊ သူကချော့တော့ ကိုယ်ကရွတ်ကြည့်တယ် မရဘူး၊ ဘယ်ရမလဲ ကိုယ်ကစာမှမတတ်ကို၊ အဲဒီတော့ အရေးကြီးဆုံးအချက်က တကာကြီးရဲ့ အရွတ်သမားနဲ့ အလုပ်သမား အရေးကြီးတယ်၊ တကာကြီးတို့ ဦးပဥ္စင်းတို့ သံသရာလဆန်း ၁-ရက်ထဲက ရွတ်လာခဲ့တာများခဲ့ပြီ၊ အဲနောက်ပိတ်ဆုံး သာသနာကာလ ဝိမုတ္တိယုဂခေတ် အနတ္တသံသရာတပတ်ပြန်လည် လာတယ်၊

WWW.DHAMMARANSI.COM



သာသနာ့တာဝန် မင်းကောင်းတဆက် အဲဒီတော့ မင်းဖြစ်အောင် လုပ်ကြရလိမ့်မယ်၊ အခုတရားနာတဲ့ပုဂ္ဂိုလ်၊ တရားထိုင်တဲ့ပုဂ္ဂိုလ် တွေဟာ မင်းတွေ ဘာမင်းတွေများထင်သလဲ စကြာမင်း၊ လက်နက်ကြီးကိုင်တာ မင်းမဟုတ်ဘူး၊ လူဆိုးခေါ်တယ်။

မင်းဆိုတာက ဘာလဲတဲ့ ကိလေသာကိုနိုင်တာမှမင်း၊ ဒေါသ ကိလေသာကို နိုင်တာကိုမှမင်း၊ မောဟကိလေသာကို နိုင်တာကို မှမင်း၊ မာနကိလေသာကို နိုင်တာမှမင်း၊ တံခါး ၆-ပေါက်ကမင်း မျက်စေ့ကလဲ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟ ကိလေသာ၊ မာနကိလေသာနိုင်နေပြီ၊ နားပေါက်ကလဲ လော ဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာန ကိလေသာ၊ နှာခေါင်းပေါက်ကလဲ အနံ့နဲ့နှာခေါင်းနဲ့ထိမှန်လိုက် တဲ့အချိန်အခါ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ မာန ရယ်၊ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့ ရသာရုပ်ပေါ်မှာ လောဘ ရယ်၊ ဒေါသရယ်၊ မောဟရယ်၊ မာနရယ်၊ ကိုယ်နဲ့အတွေ့နဲ့ထိမှန် လိုက်တဲ့ အချိန်ခါ အတွေ့ရုပ်ပေါ်မှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ မာနရယ်၊ မနောနဲ့ ဓမ္မနဲ့ ပေါင်းဆုံ လိုက်တဲ့ အချိန်အခါ ဓမ္မရုပ်ပေါ်မှာ လောဘရယ်၊ ဒေါသရယ်၊ မောဟ ရယ်၊ မာနရယ်၊ အဲဒီတံခါး ၆-ပေါက်က တိုက်တိုင်း၊ တိုက်တိုင်း အဲဒီ ကိလေသာတွေ နိုင်တာမှမင်း၊ လက်နက်ဆောင်ရသေးသ လား၊ မင်းဖြစ်နေမနေဘူးလား၊ အဲဒါဘာမင်းလဲ စကြာမင်း။

WWW.DHAMMARANSI.COM



ဒါကြောင့်မို့လို့ သာသနာ့ တဝက် မင်းခေါင်းတဆက် ဆိုတာ အခုပုဂ္ဂိုလ်တွေ တရားနာတဲ့ပုဂ္ဂိုလ်တွေ တရားထိုင်တဲ့ပုဂ္ဂိုလ်တွေ မင်းတွေဘဲ ဘာမင်းတွေလဲ စကြာမင်းတွေ၊ သစ္စာ ၄-ပါး တရားတော်မြတ်ကြီးရတဲ့ ပုဂ္ဂိုလ်မှသာလျှင် စကြာမင်းလို့ ခေါ်တယ်၊ မင်းဆိုတာဘာလဲ တံခါး ၆-ပေါက်ကို အုပ်ချုပ် နိုင်တာက၊ ကိလေသာ ရာဂ၊ ဒေါသ၊ မောဟ၊ မာနဆိုတဲ့ တရားတွေကို မျက်စေ့က မြင်လိုက်တဲ့ အချိန်အခါ နိုင်တဲ့မင်း၊ နားပေါက်က တိုက်ခိုက်တိုင်းလဲ နိုင်တဲ့မင်း၊ နှာခေါင်းပေါက်က တိုက်ခိုက်တိုင်းလဲနိုင်တဲ့မင်း၊ လျှာပေါက်က တိုက်ခိုက်တိုင်းလဲနိုင်တဲ့မင်း၊ ကိုယ်ပေါက်က တိုက်ခိုက်တိုင်းလဲ နိုင်တဲ့မင်း၊ မနောက တိုက်ခိုက်တိုင်းလဲနိုင်တဲ့မင်း၊ မျက်စေ့ရှိတော့မြင်နေတာဘဲ၊ မြင်တဲ့ပေါ်မှာ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ အဲဒီကိလေသာတွေ ငြိမ်းအေးနေရမယ်၊ နိုင်နေရမယ်၊ ဦးပဉ္စင်းတို့တော့ မျက်စေ့ရှိလို့ မြင်နေတာဘဲ၊ မြင်တယ်၊ ကြည့်တယ်၊ ကြည့်တယ်၊ ဟန်တော့မလုပ်တတ်ဘူး၊ ဟန်လုပ်တော့ အောင့်ထားရတယ်၊ သုဿာန် ဆရာတော်တို့က အောင့်ထားရတယ်။ မအောင့်နိုင်ပါဘူး၊ နေချင်သလိုနေမယ် အောင့်စရာ လိုသေးသလား၊ သဘာဝဟာကြီး အောင့်လို့လဲ ရမလား၊ ကဲ- အခုတော့ လူရှေ့တော့အောင့်ထားတယ်၊ ကွယ်ရာကြတော့ ပြောင်းပြောင်း ဆန်နေတယ် ကောင်းသေးသလား၊ လူရှေ့တော့ ဟန်လုပ်နေတယ်၊ ဦးပဉ္စင်းတို့တော့ ဟန်မလုပ်နိုင်ဘူး၊ ကြည့်ညိုချင်ကြည့်ညို မကြည့်ညိုချင်နေ မျက်စေ့ရှိလို့မြင်ရင်ကြည့်မှာဘဲ၊ အသံကြားရင် နားရှိလို့ကြားတယ် နားထောင်မှာဘဲ။

WWW.DHAMMARANSI.COM



နားထောင်တဲ့အသံပေါ်မှာ ကိလေသာ သေရမယ်၊ မြင်တဲ့ပေါ်မှာ ကိလေသာသေရမယ်၊ နံတဲ့ပေါ်မှာ ကိလေသာ သေရမယ်၊ စားတဲ့ပေါ်မှာ ကိလေသာ သေရမယ်၊ ထိတဲ့ ပေါ်မှာ ကိလေသာသေရမယ်၊ သိတဲ့ပေါ်မှာ ကိလေသာ သေရမယ်၊ ဟန်လုပ်လို့ရမလား ဟန်လုပ်တဲ့တရားက ဘာတရားလဲ၊ အောင့်တဲ့တရား၊ လူရှေ့တော့အောင့် အောင့်ပြီး ဟန်လုပ် နေရတယ်၊ လူကွယ်ရာကြတော့ ကိုးယို့ကားယားကြီး မျက်စေ့ကမြင်ကောင်းလို့မြင်နေတာယ်၊မျက်စေ့ရှိလို့မြင်တယ်၊မြင်တယ်-ကြည့်တယ်၊ ကြည့်တဲ့ပေါ်မှာ ကိလေသာရာဂ သေရမယ်၊ ဘာကြောင့်သေသလဲ့တဲ့ တကာကြီးရဲ့မျက်စေ့ပေါက်ကနေပြီးတော့ မဂ်ကသတိထားပြီး သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊သောတာပန်အမြင်အသိ၊သကဒါဂါမိ အမြင်အသိ၊ အနာဂါမိအမြင်အသိ၊ အရဟတ္တ အမြင်အသိ၊ အသိ ၄ မျိုးနဲ့ ပယ်သတ်သွားလိုက်ပြီ။ အသိ ၄ မျိုးနဲ့ ပယ်သတ်ထားတော့ မျက်စေ့ကလဲ ရာဂကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ ဒီကိလေသာတွေမြင်တဲ့ပေါ်မှာ ကိလေသာ ၄ ပါး သေနေတော့ တကာကြီး မျက်စေ့ မှိတ်ရဦးမှာလား၊ ဖွင့်ထားလဲ ရပြီမဟုတ်လား၊ မှိတ်ပြီးတော့ဟန်လုပ်နေလို့ရှိရင် ဟုတ်နိုင်ပါ့မလား။

အဲဒီတော့ သဘာဝတရားကတော့ မျက်စေ့ မြင်စရာရှိတော့ မြင်လိမ့်မယ်၊ နားရှိလို့ကြားလိမ့်မယ်၊ နှာခေါင်းရှိလို့နံလိမ့်မယ် လျှာရှိလို့စားလိမ့်မယ်၊ ကိုယ်ရှိလို့ ထိလိမ့်မယ်၊ မနောရှိလို့ သိ

WWW.DHAMMARANSI.COM



လိမ့်မယ်၊ သိစရာရှိရင်သိမှာဘဲ၊ သိတဲ့ပေါ်မှာ ရာဂကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ မာနကိလေသာ၊ ဒိဋ္ဌိကိလေသာတွေ သေရလိမ့်မယ်၊ ဟန်လုပ်လို့ ရပါ့မလား၊ အဲဒီတော့ ဟန်လုပ်နေလို့ ရှိရင် အောင့်တာဘဲရှိမယ်၊ အောင့်လုံးကြီးက အင်မတန်ဆိုးတယ်၊ အဲဒီတော့ အောင့်လုံးဆိုတဲ့ဥစ္စာ အခုန သုဿာန်ဆရာတော် ဟောသွားတယ် မဟုတ်လား၊ သူတို့ကတော့ အောင့်ထား ရတယ်တဲ့၊ အောင့်တာပေါ့ ဒကာကြီး သမာဓိမှ မရှိဘဲ၊ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်၊ မဂ်ပညာ၊ ဖိုလ်ပညာလဲ မရဘူး၊ မရတော့ အခု သုဿာန်ဆရာတော် အခုတော့ တော်တော်လေး ဟုတ်သွားပြီ၊ ဟိုတုံးကဆိုလို့ရှိရင်ဖြင့် သူ့မှာ အာပတ်ဥပဒ်ကြီးရှိတယ်၊ ငါတော့မထူးတော့ပါဘူးလို့ ပြောတယ်။

အဲဒီတော့ ဦးပဉ္စင်းက ပြောတယ်၊ အရှင် ဘုရား ဘုရားက ဟောထားတဲ့ဥစ္စာ၊ ဘုရားစာတွေလဲ ကြည့်ထားပြီးတော့ အတိတ်ကိုလဲ မတွေးနဲ့၊ မရောက်သေးသောအနာဂါတ်စိတ်ကိုလဲမမျှော်နဲ့၊ ပစ္စုပ္ပန် တဲ့တဲ့လေး သဘောတရားတွေ သိထားလို့ ရှိရင် အတိတ်မတွေးရင် အတိတ် ရုပ်နာမ် ချုပ်သွားပြီ၊ အနာဂါတ်မမျှော်ရင် အနာဂါတ် ရုပ်နာမ် ချုပ်သွားပြီ၊ ပစ္စုပ္ပန် အမှန်တရားတွေကိုသာ သိထားလို့ရှိရင် ပစ္စုပ္ပန်တွင်ရပ်ဘို့အရေးကြီးတာပေါ့ဘုရား၊ အတိတ်ကိုမတွေးနဲ့၊ မရောက်သေးသော အနာဂါတ်စိတ်ကိုလဲ မမျှော်နဲ့၊ ပစ္စုပ္ပန်တဲတဲ့လေး ဘာဝတရား သိနေရင် ပြီးတာ ပါဘဲဘုရား၊ အဲဒီလို အတိတ်- အနာဂါတ်- ပစ္စုပ္ပန်ကာလ (၃) ပါးရှိတယ်၊ အတိတ်သံယောဇဉ်၊ ပစ္စုပ္ပန်

WWW.DHAMMARANSI.COM



သံယောဇဉ်၊ အနာဂါတ်သံယောဇဉ်၊ သံယောဇဉ် (၃)ပါး၊ ယုံမှားမှုကိလေသာ ဆိုတာဘာလဲ အတိတ်ယုံမှားမှု၊ ပစ္စုပ္ပါန်ယုံမှားမှု၊ အနာဂါတ်ယုံမှားမှု၊ အဲဒီယုံမှားမှု ကိလေသာပယ်လိုက်ပြီ ဆိုလို့ရှိရင် ဒိဋ္ဌိပြုတ်လို့ သံယောဇဉ် (၃) ပါးပယ်တာ၊ အဲဒီ ပစ္စုပ္ပါန်တဲ့တဲ့လေး လက္ခဏာစိတ်ကလေးဖြစ်နေတာ၊ ဒီလက္ခဏာ သိနေရင် အတိတ်လဲမရှိ၊ ပစ္စုပ္ပါန်ယုံမှားမှုလဲမရှိ၊ အနာဂါတ် ယုံမှားမှုလဲမရှိ၊ အဲဒီလိုနေလိုက်လို့ရှိရင် အရှင်ဘုရား အပါယ်တံခါး ပိတ်ပါတယ်၊ အရှင်ဘုရား သောတာန်ဆိုတာ တယ်မကြာပါဘူး လက်တလှမ်းလေး— လက်တလှမ်းလေး။ နည်းသိရင် လွယ်လွယ် ကလေးပါ၊ နည်းမသိရင် ကမ္ဘာတသိန်းကျင့် ဆရာများရင်ခတွေ ဘူး။

ဦးပဥ္စင်း အထက်မြန်မာပြည်သွားတုံးက စွန်းလွန်းဂူကျောင်း မှာ အိပ်တယ်၊ စွန်းလွန်းဂူကျောင်းမှာ အိပ်တော့ တကာမကြီး တယောက်နဲ့ သီလရှင်တပါး တက်လာတယ်၊ စောစောတုံးက တော့ သီလရှင်တွေအပါး ၃၀-၄၀ တက်လာပြီးကန်တော့တယ် သူတို့က နောက်ပိတ်ဆုံး ၁၁-နာရီမှာ တက်လာတယ်၊ ဝတ်ပါချ တယ်၊ ဝတ်ပါချတော့ ဦးပဥ္စင်းက ဆင်ချင်ကြည့်တယ်။ နောက် ပိတ်ဆုံးလဲတက်လာတယ်၊ ၁၁-နာရီလဲထိုးနေပြီ၊ ဦးပဥ္စင်းက ဆင် ချင်ကြည့်တယ်၊ ငါ့မျှား တီးဦးမလို့လား၊ ဟော-တီးတာဘဲ၊ သူက အရှင်ဘုရား- **"ဒီဘဝကြီးမှာ မိမ္မတွေ နိဗ္ဗာန်ကူး နိုင်ပါ့မလား ဘုရားတဲ့"** အဲဒီတော့ ဦးပဥ္စင်းက **"သို့**

WWW.DHAMMARANSI.COM



**လရှင် မိမ္မဆိုရင်တော့နိဗ္ဗာန်မကျူး၊ မိမ္မနိဗ္ဗာန်မကျူး ဘူး၊ သူကမိမ္မနိဗ္ဗာန်ကျူးနိုင်ပါ့မလားဆိုတော့ မိမ္မ နိဗ္ဗာန်မကျူးဘူး၊ မိမ္မဆိုတာရှိတာမှမဟုတ်ဘဲ၊ မိမ္မ နိဗ္ဗာန်မကျူးဘူး၊ ကောင်းပါပြီဘုရား၊တဲ့၊ မိမ္မရယ် ယောကျ်ားရယ် ရှိသလားလို့မေးတယ်၊ အဲဒီတော့ ဦးပဥ္စင်းက မရှိပါဘူးပြောတယ်၊ အဲဒီတော့ မိမ္မ လို့ထင်နေရင် နိဗ္ဗာန်မကျူးဘူး၊ မိမ္မရှိသေးတယ်လို့ ထင်ရင်လဲ နိဗ္ဗာန်မကျူးဘူး၊ ယောကျ်ား ရှိနေသေး ရင် နိဗ္ဗာန်မကျူးဘူး၊ မိမ္မ-ယောကျ်ား ဒြပ်သဏ္ဍာန် ဒြပ်ပျောက်သွားရမယ်၊ ခေါ်စရာသ မုတ်စရာမရှိမှ ဒါမှရတယ်လို့ ဦးပဥ္စင်းက ပြောလိုက်တယ်”**

အဲဒီတော့မှ မှန်လှပါ-ဒါကြောင့် ဘုရားတပည့်တော်မှာ သဒ္ဓါ လဲရှိတယ်၊ အတိတ်ကလဲ ကံတွေပါတယ်၊ အတိတ်ကဘာကံလဲတဲ့ ရဟန္တာဖြစ်မဲ့ ကံတွေပါလာပါတယ်တဲ့၊ အခုလဲဘဲ တပည့်တော် သဒ္ဓါလဲရှိတယ်၊ ဝိရိယလဲရှိတယ်၊ သတိလဲရှိတယ်၊ တပည့်တော် နိဗ္ဗာန်မရနိုင်ဘူးလားတဲ့ အဲဒီလိုမေးတယ်၊ အဲဒီတော့ ဦးပဥ္စင်းက ရပါတယ်၊ အတိတ်ကလဲ ရဟန္တာကံ ပါတယ်၊ အခုလဲ သဒ္ဓါရှိ တယ်၊ ဝိရိယရှိတယ်၊ သတိရှိတယ်၊ သမာဓိရှိတယ်ဆိုရင်ရပါတယ်၊ ဘာကြောင့် ရသလဲဆိုတော့ ကောင်းပြီ ပြောမယ်။ မြတ်စွာ ဘုရားလက်ထက်က ရှင်သာရိပုတ္တရာတို့-ရှင်မောဂ္ဂလာန်တို့ဘယ်သူ နဲ့သွားပြီးနေသလဲဆိုတော့ သိဥ္စည်းတိဋ္ဌဆရာကြီးနဲ့ သွားပြီးနေ

WWW.DHAMMARANSI.COM



တယ်၊ ရဟန္တာဖြစ်လို့ အဂ္ဂသာဝက၊ မဟာသာဝကကြီးတွေဖြစ်ဘို့ ကံပါတယ်။ ကံပါတော့ သဒ္ဒါလဲရှိတယ်၊ ဝီရိယလဲ ရှိတယ်၊ သတိလဲရှိတယ်၊ သမာဓိလဲရှိတယ်၊ ရှိတော့ ဘယ်ပုဂ္ဂိုလ်နဲ့ သွားနေရသလဲ ဆိုတော့ သိဥ္စည်းဆရာကြီးတွေနဲ့ သွားနေရတယ်။ အဲဒီရှင်သာရိပုတ္တရာအလောင်း၊ ရှင်မောဂ္ဂလာန် အလောင်းများဟာ သောတာပန်တည်သလား၊ မတည်းဘူး။ မတည်ဘူးနော်—အတိတ်ကကံလဲပါတယ် သဒ္ဒါလဲရှိတယ် ဝီရိယလဲရှိတယ် သတိလဲရှိတယ် သမာဓိလဲရှိတယ် အဲ—ဆရာမှားနဲ့တွေ့တော့ မရဘူး၊ အဲဒီတော့ သီလရှင် အတိတ်က ကံပါတယ်ဟုတ်ပြီ မြတ်စွာဘုရားလက်ထက်က ရှင်သာရိပုတ္တရာတို့ ရှင်မေဂ္ဂလာန်တို့ အတိတ်က ရဟန္တာဖြစ်ဘို့ကံကြီးတွေပါပေတဲ့ သိဥ္စည်းဆရာကြီးဆိုတဲ့ ဆရာမှားနဲ့ တွေ့တော့ သစ္စာ ၄ ပါးမရဘူး သောတာပန်မတည်ဘူး။

အဲဒီတော့ အရေးကြီးတာက သီလရှင်- **ဆရာ အရေးကြီးပါတယ်၊ ဆရာမှန်ရင်ရပါတယ်** သဒ္ဒါ- ဝီရိယ- သတိ- သမာဓိ- ပညာ ပြည့်စုံသွားရင် သစ္စာ ၄ ပါးတရားတော်မြတ်ကြီး ရတယ်။ ဆရာကောင်းတွေ့ရင် ရပါတယ် ဆရာ မမှန်လို့ ရှိရင် ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ သစ္စာ ၄ ပါးမရဘူး ဒိဋ္ဌိ မပြုတ်ဘူး အဲဒီတော့ သီလရှင်က တအောင့်လောက် မျက်နှာလေး အောက်စိုက်ပြီး နေလိုက်တယ်။ အဲဒီတော့တခါ ဘယ်လို ပြောလိုက်ပြန်သလဲဆိုတော့ "အရှင်ဘုရားတို့လို နိုင်ငံကျော်မမှ ကထိက နယ် ၄ ရပ်လှည့်ဟောနေတဲ့ ပုဂ္ဂိုလ်မျိုးတွေတော့ ဝမ်း

WWW.DHAMMARANSI.COM



သာပါတယ် ဘုရား” လို့ ပြောတယ်။ အဲဒီလို ပြောလိုက်တော့ ဦးပဉ္ဇင်းကနေပြီး “ဝမ်းသာလိုက်တာ သီလရှင်ရာ” သီလရှင်ပြော လိုက်တဲ့ ဥစ္စာ နိုင်ငံကျော်မမွှကဲထိက နယ် ၄ ရပ်လျှည့်ပြီး ဟော နေတဲ့ ဥစ္စာ တပည့်တော် ဝမ်းသာပါတယ်ဆိုတာ အင်း-ကောင်း တော့ကောင်းတယ် သီလရှင်ဝမ်းတော့သာတယ်။ သီလရှင်ပြော တာ ဒေါသပါနေလို့ ဦးပဉ္ဇင်းက စိတ်မကောင်းဘူး ဦးပဉ္ဇင်း သနားတယ်”လို့ပြောလိုက်တယ် ဒေါသစိတ်ဖြစ်နေရင်မကောင်း ဘူး။

အဲဒီတော့ သူ သတိရ သွားတယ် ကွမ်းတရာညက် မရှိတရှိ လောက် တအောင့်ကလေး မျက်စေ့ မှိတ်ပြီးတော့ ဦးပဉ္ဇင်းကို ဆင်ချင်နေတယ်။ မျက်စေ့မှိတ်ပြီးတော့ သမာဓိ ယူနေတယ်။ ပြီးတော့ “တပည့်တော် မှားသွားပါပြီ ဘုရား”လို့ ဝန်ခံတယ်။ “အရှင်ဘုရား တပည့်တော် အရှင်ဘုရားပေါ်မှာ ပြစ်မှားမိပါ တယ်ဘုရား”တဲ့ အဲဒီတော့ “အရှင်ဘုရား သံသရာလဆန်း ၁ ရက် ထဲက ပြစ်မှားမိခဲ့တဲ့ အပြစ်တွေကို ဝန်ချ တောင်းပန် ပါတယ် ဘုရား” အဲဒီတော့ ဦးပဉ္ဇင်းက “အေး–ဟုတ်တယ် တောင်းပန် သီလရှင် ငါကတော့ ဘယ်သူမှမပြစ်မှားလို့ ဘယ်သူမှမတောင်း ပန်ဘူး၊ ဘယ်သူ့ကိုမှ မပြစ်မှားဘဲ ဘယ်သူ့မှ တောင်းပန်စရာ မလိုဘူး၊ အဲဒီတော့ သီလရှင်က ပြစ်မှား တာက အားကြီးတော့ တောင်းပန်ပေါ့ဗျာ၊ မတောင်းပန်လဲ ဦးပဉ္ဇင်းက ကြေပါတယ်” လို့ ပြောလိုက်တယ်၊ အဲဒီတော့ မိမ္မ-ယောကျ်ားရှိသေးလို့ ရှိရင် နိဗ္ဗာန်မရဘူး၊ ဆရာမှားနဲ့ တွေ့ရင် သိဥ္စည်းဆရာကြီးနဲ့ တွေ့လို့

WWW.DHAMMARANSI.COM



ရှိရင် သောတာပန် ဖြစ်မလား၊ မဖြစ်နိုင်ဘူး အဲဒီတော့ အဿဇိ ရဟန်းနဲ့ သွားတွေ့တော့ သောတာပန်တည့်တယ်၊ ဆရာမှန်နဲ့ တွေ့တော့ သောတာပန်တည်တယ်၊ ဆရာမှားနဲ့တွေ့တော့ သောတာပန်မတည်ဘူး၊ ဆရာကမှ သောတာပန်စိတ်သောတာပန်သစ္စာမှ မမြင်ဘဲနဲ့ သကဒါဂါမိ အမြင်မှ မမြင်ဘဲနဲ့ အရဟတ္တမဂ် အမြင်မှမမြင်ဘဲနဲ့ ဆရာကမှ 'ဘူ' ပိတ် နေရင် 'ဘူ' ပိတ် နေတဲ့ ပုဂ္ဂိုလ်ထံ သွားတော့ တပည့်ကလဲ 'ဘူ' ထက်ကျော်ပြီး တစ် ဖြစ်နိုင်ပါ့မလား၊ အဲဒီတော့ 'ဘူ'—'ဘူ' ချင်း စားတာဘဲ။

ဦးပဥ္စင်းအတိတ်ကာလ ပိုက်ကျူးသမား ၄-ချပ်ပိုက်ကျူးက တော့ အကြီးအသေးရှိတယ်၊ ၂-ချပ်ပိုက်ကျူးကို ဦးပဥ္စင်းတို့က ကစားပါတယ်။ ၂-ချပ်ပိုက်ကျူးကို ကစားတော့ "ဘူ" ဆိုရင် ထိုးသွားက မဖွင့်နိုင်တော့ ဦးပဥ္စင်းက ဒိုင်ဆိုတော့ စားမှာဘဲ။ အဲဒီတော့ "ဘူဘူ" ချင်း အစားခံထားရင် မခက်ဘူးလား။ ဘူဘူ ချင်းစားတာ ၂—ချပ်ပိုက်ကျူး။ ဆရာကလဲ သောတာပန်စိတ် မဟုတ်ဘူး။ ဘူ-ဘဲနေခဲ့တာကြီး။ တပည့်ကလဲ ဘူကနေပြီး တော့ သောတာပန်စိတ်ကိုပြမယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါ့မလား။ ဆရာကလဲဘူ၊ တပည့်ကလဲဘူ၊ သောတာပန်မဟုတ်တဲ့ပုဂ္ဂိုလ်က ပြလိုက်တော့ သောတာပန်ဖြစ်ပါ့မလား။ ဆရာကလဲ ပညတ် ပရမတ်မကွဲ၊ ပညတ်-ပရမတ် မကွဲလို့ရှိရင် တပည့်ကလဲ ကွဲပါ့မ လား။ အဲဒါကြောင့်မို့ လို့ စွန်းလွန်း ဆရာတော်ဘုရားကြီးက ဟောသလိုပေါ့၊ ပညတ်-ပရမတ် သိသည်မှတ်။ လူမြတ်မဆိုရ ပညတ်- ပရမတ်ကွဲသိမှတ် လူမြတ်မဆိုရ၊ ပညတ်-ပရမတ် ၂-ခု

WWW.DHAMMARANSI.COM



စပ် သိတတ်သူမှာမြတ်၊ ပညတ်–ပရမတ် ခွဲပြီးတော့ လက္ခဏာသဘောတရားတွေကို သေသေ ချာချာ တကာ တကာမတွေ့ သဘောပေါက်အောင် ဟောချင်လို့ ရှေ့ပြေး နိမိတ်ကလေး ကြောင်းလိုက်တယ်။

အဲဒီတော့ ပညတ်·ပရမတ် ဆိုတဲ့ဥစ္စာက ပညတ်ဆိုတာ မပေါက်မပြန့်တဲ့ နိဗ္ဗာန်ဘယ်တော့မှပျက်ရိုးထုံးစံမရှိဘူး။ မပျက်တဲ့ဘုရား၊ မပေါက်ပြန့်တဲ့တရား။ ပညတ်- ပရမတ် ၂-ခုစပ်ပြီး သိရမယ်မတ်လား၊ အခုဒကာကြီးမြင်နေတဲ့ ဥစ္စာက ခေါ်ဝေါ် လိုက်ပြီဒကာကြီးရဲ့ ဦးဝင်းမြင့်လို့ ခေါ်လိုက်တယ်ဒကာကြီးရဲ့၊ ခေါ်တာပညတ်ဘဲမဟုတ်လား မြင်နေဒါတွေက အသုဘ လက္ခဏာကြီးမဟုတ်လား ဒါကြီးက မြင်တဲ့တရားလား၊ ဒါကပရမတ် အတုံးအခဲကြီးမဟုတ်လား ခေါ်ဝေါ်သမုတ်တာကပညတ်၊ အဲဒါ ကိုမြင်နေတဲ့တရားကြီးက အသုဘလက္ခဏာကြီးပျက်မယ်၊ မမြဲဘူး ခေါ်ဝေါ်သမုတ်လိုက်တဲ့ဦးဝင်းမြင့်ကပညတ်ပါလား၊ ယိုမြင်နေ တာတွေက အသုဘဟာရားကြီး၊ လက္ခဏာကြီးပျက်ရမဲ့ကရားပါ လား၊ ပညတ်ရယ်ပရမတ်ရယ် ၂-ခုစပ်မကြည့်ဘူးလား ဦးဝင်းမြင့် ဆိုတာက ဒီခန္ဓာကြီးပျက်သွားပြီဆိုရင် မရှိတော့ဘူး၊ မတွေ့တော့ ဘူး၊ ဦးဝင်းမြင့်- ဦးဝင်းမြင့်- ဦးဝင်းမြင့်ဆိုတဲ့ နာမည်ကျန်မနေ ဘူးလား၊ ဒီဦးဝင်းမြင့် ဘယ်အခါမှပျက်မလဲ ဘယ်တော့မှမပျက် ဘူး၊ အဲဒီတော့ ဦးဝင်းမြင့်က မပျက်တဲ့တရား အဲဒီခန္ဓာ ၅-ပါးက ပျက်တဲ့တရား အဲဒီဟာကြီးက အသုဘတရားကြီး အဲဒီအသုဘ တရားကြီးက ဒကာကြီး ပျက်စီးယိုယွင်းပြီး တခါထဲ သုညဖြစ်မဲ့ တရားကြီး။

၁၇၅၇၃

WWW.DHAMMARANSI.COM



ဒါကြောင့်မို့လို့ ဘုရားက ဟောထားတယ်၊ အသိ တလုံး အမြတ်ဆုံး အကုန်လုံးတရားသဘောပေါက်တော့ အကုန်လုံး ပရမတ်ကြီးဘဲ၊ လောကကြီးမှာ ပညတ်မရှိဘူး ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ဘဲရှိတယ်၊ မြင်သမျှအားလုံး မမြဲတဲ့တရား အသုဘတရား ကြီးဘဲ၊ ဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟော ကြားထားတာက ဘယ်လိုလဲဆိုတော့ အကုန်တရားကြီးဘဲ မြင် တာလဲတရား ကြား တာလဲ တ ရား နံတာလဲတရား စားတာလဲ တရား ထိတာလဲတရား သိတာလဲတရား ယိုတာလဲတရား ပေါက် တာလဲတရား ထိုင်တာလဲတရား အိပ်တာလဲတရား အကုန်တရား ကြီးဘဲ၊ မြင်တာလဲပရမတ်မြင်တာ ကြားတဲ့အသံလဲမရမတ် နံတဲ့ အနံ့လဲပရမတ် စားတဲ့အရသာလဲ ပရမတ် ထိတဲ့အတွေ့လဲပရမတ် သိတဲ့စိတ်လဲပရမတ် မြင်တာလဲ ပြောင်းလဲခြင်း သဘာဝတရား အသုဘတရား ကြားလိုက်တဲ့အသံလဲအသံတွေ ပြောင်းလဲနေတာ အသုဘတရား နံတဲ့ပေါ်မှာမွှေးတယ် သင်းတယ် ပြောင်းလဲ နေ တာအသုဘတရား သဘောတွေနော် စားလိုက်တဲ့အရသာလဲ ချို တယ် ချင်တယ် ထင်နေတာအသုဘဘရား အသုဘရယ်လို့ ပြော လိုက်တာက ပညတ်၊ သဘောတရားက မမြဲဘဲနဲ့ ပြောင်းပြီးတော့ ပျက်နေတဲ့သဘောတရားက ပရမတ်၊ မြင်တာပရမတ်အမြင်၊ခေါ် ဝေါ်သမုတ်တာက ပညတ်၊ ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ကနေ ပရမတ်ယူတာ ဦး ဝင်း မြင့် ရယ် လို့ ခေါ်လိုက်တာက ပညတ် ဦးဝင်းမြင့်က မမြဲဘူးဆိုတဲ့ အသုဘတရားကို သိနေရမယ်။

ဘယ်လိုသိရမလဲ လက္ခဏာ၊ ဓါတ်လက္ခဏာရယ်၊ ရုပ်လက္ခဏာ ရယ် နာမ်လက္ခဏာရယ်၊ အသုဘလက္ခဏာရယ် ဓါတ်လက္ခဏာ

WWW.DHAMMARANSI.COM



ရယ်၊ ရုပ်လက္ခဏာရယ်၊ နာမ်လက္ခဏာရယ်က သောတာပန်ဉာဏ်မြင်တာ အထင်ဉာဏ် အသုဘလက္ခဏာ ၃ မင် ၃ ဖိုလ်မြင်တဲ့ သက္ကာဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ မြင်တာ၊ နာမ်လက္ခဏာတွေ ရုပ်လက္ခဏာတွေက သောတာပန်မြင်တာ ဓါတ်လက္ခဏာက သောတာပန်တို့မြင်တာအဲဒီတော့ အသုဘလက္ခဏာကသကဒါဂါမ်ရယ် အနာဂါမ်ရယ်၊ ရဟန္တာရယ် မြင်တာ၊ ပညတ် ၅- ချက် ရှိတယ် မဟုတ်လား ဒကာကြီးရဲ့၊ ခေါ်ဝေါ်သမုတ်တဲ့နာမပညတ် ခေါ်ဝေါ်သမုတ်တဲ့ သဏ္ဌာနပညတ် ခေါ်ဝေါ်သမုတ်တဲ့ ဃနပညတ် ခေါ်ဝေါ်သမုတ်တဲ့ သဘာဝပညတ် ခေါ်ဝေါ်သမုတ်တဲ့ သမူဟပညတ် ပညတ် ၅- ချက် မဟုတ်လား၊ အဲဒီတော့ သောတာပန် ဘယ်ပညတ် ဘယ်ပုံ၊ သကဒါဂါမ် ဘယ်ပညတ်ဘယ်ပုံ၊ အနာဂါမ် ဘယ်ပညတ်ဘယ်ပုံ၊ ရဟန္တာတို့ ဘယ်ပညတ်ဘယ်ပုံ၊ ပညတ်ပယ်ပုံတွေ ရှိတာကပညတ် ၄-စားဘဲမဟုတ်လား။ သမူဟဆိုတဲ့ပညတ်က ဉာဏ်မြင်ပြီးတော့ ခြေ--ခန္ဓာစုအပေါင်း ပေါင်းဖွဲ့ပြီးတော့ ဓါတ်ကြီး ၄ ပါးစုပြီးတော့ ခန္ဓာဖွဲ့နေပါသလား၊ ပေါင်းစုပေးထားတဲ့ သမူဟပညတ်ပါလား။

ရှိတာကဘာလဲ ခေါ်ဝေါ်သမုတ်တဲ့ ပညတ်ကယ်၊ သဏ္ဌာနပညတ်ကယ်၊ သဘာဝပညတ်ကယ်၊သဘောတရားတွေ အဲဒီပညတ်ကို ပယ်သွားတာ။ သောတာပန်ဘယ်ပညတ်ပယ်သလဲ ခေါ်ဝေါ်သမုတ်တဲ့အဝိဇ္ဇာပညတ်၊ မရှိပညတ်ကိုပယ်တာ ရှိပညတ်မရှိပညတ် မရှိပညတ်ပါယ်တယ်၊ ရှိပညတ်ကျန်တယ်၊ မရှိပညတ်က ဘယ်

WWW.DHAMMARANSI.COM

ပညတ်လဲတဲ့ မျက်စေ့နဲ့ ကြည့်လိုက်တဲ့ အချိန်အခါမရှိ ပညတ်လို့ ခေါ်ခေါ်သမုတ်တာ. မရှိပညတ်က မိန်းမရယ်၊ ယောကျ်ားရယ်၊ ခွေးရယ်၊ ဝက်ရယ်၊ နွားရယ်၊ ကြက်ရယ် ရေရယ်၊ ဟောရယ်၊ တောင်ရယ်၊ ဒါကမရှိပညတ်၊ မျက်စေ့နဲ့ မြင်လိုက်တဲ့ အချိန်အခါရှိပညတ်က ဘယ်ဟာလဲ၊ မြင်တာမမြင်တဲ့တရား၊ အသုဘတရား၊ ဒါကြီးလဲမမြဲတဲ့တရား၊ ရှိပညတ်၊ မရှိပညတ်က မိန်းမ—ယောကျ်ား ဆိုတာ မရှိတဲ့ပညတ်၊ ရှိထဲ့ပညတ်ကဘာလဲ လက္ခဏာက အသုဘလက္ခဏာ၊ ပုတ်ရမဲ့တရား၊ ပွရမဲ့တရား၊ အရိုးကျရမဲ့တရား၊ လောက်စားရမဲ့ တရား ဘုရားက ဟောထားတယ်မဟုတ်လား၊ အသုဘတရား ၁- ရက်အသုဘ၊ ၂- ရက် အသုဘ၊ ၃- ရက်အသုဘ၊ ၄-ရက် အသုဘ၊ ၅-ရက်အသုဘ၊ ၆-ရက်အသုဘ၊ ၇ ရက်အသုဘ၊ ၈ ရက်အသုဘ၊ ၉ ရက်အသုဘ ၁၀ ရက်အသုဘ၊ ဘုရားထားခဲ့တရား အလကားထားတာမဟုတ်ဘူး။

အသုဘ ခေါ်ခေါ်လိုက်တာ ပညတ်ဘဲ၊ သဘောတရားက ပျက်စီး ယိုယွင်းပြီးတော့ မမြဲ၊ ပြောင်းလဲ ဖေါက်ပြန် တတ်တဲ့ သဘောကိုမြင်တာဟာ ပရမတ္ထသဘာဝတရား မဟုတ်လား၊ အဲဒါကိုတော့ မသိကြဘူးဒကာကြီးရဲ့၊ ခေါ်ဝေါ်သမုတ်တာ အသုဘတရား၊ အသုဘတရား၊ ပညတ် ကြီး ပါကွာ၊ ပညတ် ကြီး ပါကွာ၊ ကိုယ် က တော့ ပရမတ် လို လို ပညတ်နဲ့ ပရမတ်

WWW.DHAMMARANSI.COM



ကွဲသလိုလို အဲဒီတော့ အကုန်လုံး ဒကာကြီးရဲ့ ပရမတ်ကြီးဘဲ၊ မြင်တာလဲပရမတ်၊ ကြားတာလဲပရမတ်၊ နံတာလဲပရမတ်၊ စားတာလဲပရမတ်၊ ထိတာလဲပရမတ်၊ ယိုတာလဲပရမတ်၊ ပေါက်တာလဲ ပရမတ်၊ လှမ်းတာလဲပရမတ်၊ ထိုင်တာလဲပရမတ်၊ အိပ်တာလဲ ပရမတ် ပရမတ်ကြီးဘဲ တရားသဘောသိရင် အကုန်လုံး တရားကြီးဘဲ တရားသဘောမှမသိရင် အကုန်လုံး မရှိပညတ်ကြီးဘဲ၊ ပညတ်သာသိတယ် ပရမတ်မသိဘူး ပရမတ်သိရင် တရားဘဲ၊ မရှိတဝသိရင် မတရားပညတ် ဒီနယ်က မရှိပညတ်မဟုတ်ဘူး ဒကာကြီးရဲ့၊ ပရမတ်နယ်တွေ ဘုံ ၃ ပါးက ပရမတ်နယ်တွေ၊ ၁ ရက်အသုဘ၊ ၂ ရက်အသုဘ၊ ၃ ရက်အသုဘ၊ ၄ ရက်အသုဘ၊ ၅ ရက်အသုဘ၊ ၆ ရက်အသုဘ၊ ၇ ရက်အသုဘ၊ ၈ ရက်အသုဘ၊ ၉ ရက်အသုဘ၊ ၁၀ ရက်အသုဘ တရား၊ အဲဒီတော့ ဒီလိုအသုဘတရားတွေက အစဉ်ပြောင်းလဲပြီးတော့ ရွှေ့လျားပြီးတော့ ဖေါက်ပြန်တဲ့သဘောတရား ပြောရ ခေါ်ရတာ၊ ပြောရတာ အသုဘလက္ခဏာ ရှုတာနော်–လက္ခဏာကိုရှုတာ၊ လက္ခဏာက ဘာလက္ခဏာလဲ မြင်တာက အသုဘလက္ခဏာ။

အဲဒီတော့ ဦးပဉ္ဇင်းတို့သံအင်းဂူကတော့ ဒကာကြီးရဲ့ ဒုံးပျံနဲ့ ပို့ပေးတယ်၊ သောတာပန် မဖြစ်သေးတဲ့ ပုဂ္ဂိုလ်က အသုဘသောတာပန်၊ အသုဘ သကဒါဂါမ်၊ အသုဘအနာဂါမ်၊ အသုဘ ရဟန္တာ၊ ဘုရားလက်ထက် ခေမာမိဖုရားကြီးကို ပေးသလိုပေါ့၊ ဘဒ္ဒကလျာဏီ ပေးသလို၊ ခေမာမိဖုရားကြီးကို ပေးတာလဲ အသုဘ ကမ္မဋ္ဌာန်းမဟုတ်လား၊ ဘဒ္ဒကလျာဏီကိုလည်း အသုဘ ကမ္မဋ္ဌာန်းဘဲ၊ ဒီကမ္မဋ္ဌာန်းတွေက ပြောရတာက အသုဘ၊ ဘုရား

WWW.DHAMMARANSI.COM



လက်ထက်ကတော့ ဘုရားက အဘိညာဉ်ရတယ်၊ အခုခေတ်ကြီး က အဘိညာဉ်မရဘူး၊ ဘုရားကတော့ ဖန်ဆင်းထားတယ်၊ အဲဒီ တော့ အခုခေတ်ကတော့ဖန်ဆင်းလို့မရဘူး လက္ခဏာနှလုံးသွင်း ယူရမယ်၊ သမာဓိဖြစ်အောင် သွင်းယူရမယ်၊ လက္ခဏာကို တည် အောင် တခါထဲသဘောကို နှလုံးသွင်းယူရမယ်၊အဲဒီတော့ အရေး ကြီးဆုံးအချက်က ဘာလဲတဲ့ ဆရာဘဲတဲ့။

အဲဒီတော့ တချို့အသုဘပြောလိုက်တော့ ဒါကြီးက သမထ ကြီးပါကွာတဲ့ ကိုယ်လဲလုပ်ထာ မဟုတ်ဘူး စာအုပ် ထဲကနေပြီးတော့ ကြည့်ပြောတာ၊ စာအုပ် ထဲက တော့ အသုဘပိုင်းကို သမထလို့ပြောထားတာကို ခေါ်ဝေါ်တာက သမထပေါ့ လက္ခဏာ ရှုတော့ သမထ လုပ်တော့သမထပေါ့ ဝိပဿနာလုပ်တော့ ဝိပဿနာပေါ့၊ ရှုတာသမထ လုပ်ရင်သမထပေါ့၊ ရှုယာဝိပဿနာ လုပ်ရင်ဝိပဿနာပေါ့၊ မြင်တယ် မြင်တယ် ဆိုရင် သမထပေါ့၊ မြင်တဲ့ ရုပ်ပေါ်မှာ နာမ်၏လက္ခဏာ ရုပ်၏ လက္ခဏာမြင်ရင် ဝိပဿ နာပေါ့၊ သဘောတရားတွေ ဒါလုပ်ချင်တိုင်းလုပ် အရေးကြီးဆုံး အချက်က သမထလုပ်ရင် သမထ ပေါ့၊ ဝိပဿနာလုပ်ရင် ဝိပဿနာဘဲ ရှုတိုင်းသမထ ခေါ်မလား၊ မရှုဘဲနဲ့သွားနေတာဝိပဿနာခေါ်မလား၊မခေါ်

WWW.DHAMMARANSI.COM



နိုင်ဘူး၊ အဲဒီတော့ မရှုဘဲနဲ့လုပ်နေတော့ မရှုဘဲနဲ့မြင်နေတော့ ဒါ ဝိပဿနာလား၊ဝိပဿနာဆိုတာဘာလဲတဲ့သဘောရှုတာလက္ခဏာ ရှုတာ ဝိပဿနာဆိုတာ ဘယ်လို သဘောရှုတာလဲ၊ ဝိပဿနာ ဆိုတာပညတ်လိုအပျက်၊အပျက်ဆိုတာ သဘောလက္ခဏာရှုတာ။

ဒါကြောင့်မို့လို့ တကာကြီးရဲ့ ဝိပဿနာပုဂ္ဂိုလ်လဲ ယထာဘူတဉာဏ်၊ ယထာဘူတ ဉာဏ်ဆိုတာက ဘာသလဲတဲ့၊ သဘာဝဉာဏ်၊ ဒီလမ်းကြီးပေါ် ရောက်ပြီဆိုရင် မမှားတော့ဘူး၊ ယထာဘူတဉာဏ်၊ စာယထာဘူတဉာဏ်ပြောလို့မရဘူး၊ ခန္ဓာထဲက ယထာဘူတဉာဏ် မျက်စေ့ထဲဘယ်လိုမြင်သလဲ၊ နားပေါက်က ကြားတဲ့အခါ ယထာဘူတဉာဏ် ဘယ်လိုမြင်သလဲ၊ နှာခေါင်းပေါက်က ယထာဘူတဘယ်လိုနံသလဲ၊ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အခါ ယထာဘူတဉာဏ်ကိုယ်နဲ့ အတွေ့နဲ့ထိမှန်လိုက်တဲ့ အခါ ယထာဘူတဉာဏ်၊ မနောနဲ့ဓမ္မနဲ့ ပေါင်းစုံလိုက်တဲ့အခါ ယထာဘူတဉာဏ်၊ အဲဒီလိုယထာဘူတဉာဏ် မြင်သွားပြီ ဆိုလို့ရှိရင်၊ လမ်းကြောင်းကြီးအပေါ် တက်သွားပြီ၊ မဂ်ဝင်တော့မယ်၊ ယထာဘူတဉာဏ်မှ 'စာ' ထယာဘူတဉာဏ် ပြောလို့မရဘဲ၊ 'စာ' ရုပ်နာမ်သိလို့မရဘူး၊ အဲဒီတော့ ခန္ဓာထဲက ယထာဘူတဉာဏ် အမှန်တရားတွေ မြင်ပြီဆိုလို့ရှိရင် လက္ခဏာ ၃ ပါး ရှိတယ် တကာကြီးရဲ့၊ ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ၊ အသုဘလက္ခဏာ၊ လက္ခဏာ ၃-ပါးရှိတယ်၊ အဲဒီတော့ နာမ်ရှုတဲ့ လက္ခဏာရှိတယ်၊ နာမ်ရှုတယ်၊ ရုပ်ရှုတယ်၊ ကာယသတိပဋ္ဌာန်၊ ကာယ နုပဿနာ၊ ဝေဒနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ၊ စိတ္တသတိ

WWW.DHAMMARANSI.COM



ပဋ္ဌာန်၊ စိတ္တာနုပဿနာ၊ ဓမ္မာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်တုန်းကတော့ စိတ္တာသတိပဋ္ဌာန် စိတ္တာနုပဿနာရလိမ့်မယ်၊ ဓမ္မာသတိပဋ္ဌာန် ဓမ္မာနုပဿနာ ရလိမ့်မယ်၊ ဉာဏ်ကြီးရှင်တွေ ပုဂ္ဂိုလ်တွေရလိမ့်မယ်။

အခုနောက်ပိုင်းဆုံး သာသနာကာလ ဝိမုတ္တိ ယုဂ္ဂခေတ်၊ အနုတ္တသာသနာ တပတ်ပြန်လှည့်လာတဲ့ အချိန်အခါမှာ၊ ဘယ်ဟာကို ရှုရမလဲ၊ ကာယနုပဿနာ၊ ဝေဒနာ နုပဿနာ၊ ဝေဒနာ သတိ၊ ကာယသတိ၊ အဲဒီဟာ ရှုမှသာလျှင် ရလိမ့်မယ်၊ စိတ်ကို ရှုနိုင်ဘို့ဟာ အခုလောကကြီးမှာ၊ နောက်ဆုံးပိုင်း သာသနာ လူတွေကြည့်ရတာ စိတ်အစဉ်တွေသာ မြင်လိုက်တဲ့ အချိန်အခါ လောဘ၊ ကိလေသာ အင်မတန်သောင်းကျန်းနေတဲ့ခေတ်၊ ဒေါသ ကိလေသာတွေ အင်မတန်သောင်းကျန်းနေတဲ့ခေတ်၊ မောဟ ကိလေသာတွေ အင်မတန် သောင်းကျန်းနေတဲ့ခေတ်၊ မာနကိလေသာတွေ အင်မတန် သောင်းကျန်းနေတဲ့ခေတ်၊ စိတ္တာသတိပဋ္ဌာန်ရှုလို့မရဘူး၊ ဓမ္မာသတိပဋ္ဌာန်ရှုလို့မရဘူး၊ ဘာကိုရှုရမလဲ၊ ကာယသတိ၊ ဝေဒနာသတိ၊ ကာယသတိ ကာယနုပဿနာ ဝေဒနာသတိ ဝေဒနာ နုပဿနာ ဒီ ၂ ခုသာရှု ဒိဋ္ဌိနဲ့တဏှာတွဲ သတ်လိမ့်မယ်။ ဝေဒနာသတိ ဝေဒနာနုပဿနာ ရှုတာက သောတာပန်၊ ကာယသတိ ကာယနုပဿနာ ရှုတာသကဒါဂါမ်။

အဲဒီတော့ တဏှာဘယ်မှာဖြစ်သလဲတဲ့၊ မျက်စေ့နဲ့မြင်တော့ ဘယ်ဟာမြင်သလဲ တကာမကြီးတွေ မြင်တယ်မဟုတ်လား၊ နာမ် မြင်လို့လား၊ မမြင်ဘူး၊ ရုပ်မြင်တယ်မဟုတ်လား၊ ရုပ်မြင်တယ်

WWW.DHAMMARANSI.COM



ဆိုတာ ရုပ်ပေါ်မှာ စွဲကပ်တဲ့ ကိလေသာတဏှာ ဖြစ်နေလို့သာ တဏှာသေအောင်သတ်တာ၊ ရုပ်ပေါ်မှာ သေအောင်သတ်တာ ရုပ်မြင်တော့ တကာကြီးတွေကလဲ တကာမကြီးဟာ ချောလိုက်တာ လှလိုက်တာဆိုတာ မျက်စေ့ထဲက မထွက်ဘူး၊ ဦးဝင်းမြင့် တကာမကြီးကလဲ ဦးဝင်းမြင့်မြင်တော့ ဘိုကေလေး ခွဲထားလိုက်တာ ကျော့နေတာဘဲ၊ မျက်ခုံးကလေးကလဲ့ကောင်း အင်မတန် ချောတယ်ဆိုပြီး တကာမကြီးကမြင်နေတာ၊ အဲဒါ ရုပ်မြင်ဒါလား၊ နာမ်မြင်တာလား၊ ရုပ်မြင်တော့ ကိလေသာဖြစ်နေတဲ့ တရား၊ တဏှာဘယ်မှာရှိသလဲ၊ ရုပ်ပေါ်မှာရှိတယ်၊ အဲဒီတော့ ရုပ်ပေါ်မှာ တဏှာရှိနေတော့ အသုဘလက္ခဏာနဲ့ မသတ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ တဏှာသေပါ့မလားတဲ့ သဘောနဲ့ သေတာ မဟုတ်ဘူး၊ သေသေချာချာ အသုဘသဘော တရားလက္ခဏာကိုမြင်မှ မမြင်ဘဲနဲ့ မသေးဘူး၊ ဒါဖြင့် အသုဘ လက္ခဏာ တင်ကြစို့။

အသုဘသောတာပန်၊ အသုဘသကဒါဂါမ်၊ အသုဘ အနာဂါမ်၊ အသုဘ ရဟန္တာ အချို့က အသုဘကို အထင်သေးပြီးတော့ လောကကြီး မှာ အသုက သမထကြီးပါကွာ၊ ပြောရတာကတော့ ပညတ်ကြီး အလုပ်ကြတော့ လက္ခဏာထင်လိုက်တာက သဘာဝလက္ခဏာ တရားဘဲ မဟုတ်လား၊ လက္ခဏာသဘောကိုထင်နေတာ တကာကြီးတို့ ဦးပဥ္စင်းမြင်နေတဲ့ ဥစ္စာကြီးဟာ မရှိဘဲ ပညတ်ကြီးကိုမြင်နေတယ် မဟုတ်လား၊ မြင်နေတာက ချောလိုက်တာ၊ လှလိုက်တာ၊ မိန်းမရယ်၊ ယောကျ်ားရယ်၊

WWW.DHAMMARANSI.COM



မြင်နေတာက မရှိပညတ်ကြီးမဟုတ်လား၊ မနေ့ကတောင်လက်ာ လေးရှက်ပြသေးတယ် မဟုတ်လား တဘာကြီး။

**အဆင်းရုပ်နဲ့ မျက်စေ့ရုပ်နဲ့ ထိမှန်တဲ့ အခါတွင် မျက်စေ့ကမြင်တယ်၊ မြင်တယ်လို့ထင်တယ်၊ မျက်စေ့က မြင်တယ်လို့ထင် အမှား မြင်တော့ အမှားကိုမြင်တော့ မရှိပညတ်ပေါ်မှာ တင်တော့ မိန်းမရယ် ယောကျ်ားရယ်လို့ထင်ပြီး ယောထား မိန်းမရယ်လို့ထင်တော့ မိန်းမပေါ်မှာ ရာဂကို လေသာတွေဝင်—။**

အဲဒီတော့ အဆင်းရုပ်နဲ့ မျက်စေ့ အကြည်ရုပ်နဲ့ ထိမှန်တဲ့ အခါတွင် မျက်စေ့ကမြင်တယ်၊ မြင်တယ်လို့ထင်၊ အမှားကိုမြင်၊ မရှိပညတ်ပေါ်မှာတင်၊ အဲဒီအမှားမမြင်ဘဲနဲ့ အဆင်းနဲ့ မျက်စေ့နဲ့ ထိမှန်တဲ့အခါ မြင်တဲ့ပေါ်မှာ အသုဘ ပုတ်တယ်၊ ပွတယ်လို့ထင်၊ ရာဂကိလေသာမဝင် ချောတယ်၊ လှတယ်လို့မမြင် ဖြူတယ် ဖွေးတယ်ရယ်မမြင် အသုဘ သဘောတရားတွေ မြင်ပြီ ဆိုလို့ရှိရင် ကြော်-- ဒါက ဒီပေါ်မှာ ဦးစီးနေတဲ့ တရားကဘာလဲ တဲ့၊ ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဏ၊ နာမ်ခန္ဓာ ၄-ပါး မရှိဘူးဆိုလို့ရှိရင် ၃-ရက်လောက်ကျပြီဆိုလို့ရှိရင် ဘိုက်ကြီးကဖေါင်းပြီးတော့ အူတွေက သွေးပုတ် ပြီပုတ်တွေယိုကျပြီးတော့ ပျက်ဆီးယိုယွင်းရမဲ့ ခန္ဓာ အသုဘ ခန္ဓာကြီးပါလားဆိုပြီး ဒီလိုသိလိုက်လို့

WWW.DHAMMARANSI.COM

ရှိရင်၊ ရာဂဖြစ်ပါ့မလား၊ ဒီလိုမြင်တာ မဟုတ်ဘဲ၊ မိန်းမ-ယောကျ်ားမြင်နေတာ အဲဒါအမှားတွေမြင်နေတာ၊ အဲဒီတော့ အသုဘတရားကို အထင်သေးပြီးတော့ သမထတွေ၊ **သမထဆိုတာက တကာကြီးရဲ့ သမထလုပ်တော့ သမထပေါ့ မရှိတာကိုလုပ်တော့ သမထပေါ့ မရှိတာကိုလုပ်တော့ သမထပေါ့ ရှိတာကို နှလုံးသွင်းတော့ ပရမတ်** အဲဒီတော့ အမြင်ပေါ်မှာ ကိုသေသာ သေအောင်သတ်တဲ့ သဘောတရားတွေက မနောဒွါရ စိတ်ကနေပြီးတော့ သဘောတရားတွေမြင်ပြီ တကာကြီး။

တလောကလုံး မြင်လိုက်တဲ့အချိန်အခါ အသုဘတရားတွေ၊ ပုတ်မဲ့တရားတွေ၊ ပွမဲ့တရားတွေ၊ ဒါမမြင်သေးဘူး၊ အထင်ဘဲရှိနေးတယ်၊ ခန္ဓာထဲ ဟရားတွေနဲ့ တင်းတာတွေ၊ တောင့်တာတွေ၊ ထုံတာတွေ၊ ကျင်တာတွေ၊ ကိုက်တာတွေ၊ပူတာတွေ၊ အစဉ်ပြောင်းပြောင်းနေတာတွေ၊ အဲဒါတွေမမြဲဘဲနဲ့ ပြောင်းနေတာ အသုဘတရား၊ မြင်လိုက်တဲ့အချိန်အခါမှာလဲ ရုပ်ကိုမြင်လိုက်ပြီဆိုလို့ရှိရင် ဩြော်—ဦးဝင်းမြင့်ဆိုတာ မရှိတဲ့ပညတ်ပါလား၊ မြင်နေတဲ့ ဒီခန္ဓာကြီးဘဲ မြင်တဲ့ဟာမှ မဟုတ်ပါလား၊ ပုတ်မဲ့တရား ပွမဲ့တရား၊ ဒီပေါ်ဦးစီးနေတာက ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် နာမ်ခန္ဓာ ၄ ပါး ဦးစီးပြီးတော့နေလို့ ဒီဟာကြီးက မပုတ်သေးတာ၊ နာမ်ခန္ဓာကြီး မရှိဘူး ဆိုလို့ရှိရင် ဒီရုပ်ကြီးဟာ ၃ ရက်လောက် ကြာပြီဆိုလို့ရှိရင် ထနိုင်သေးရဲ့လား၊ စကားပြောနိုင်သေးသလား၊ ၃ ရက်လောက်ကြာပြီဆိုရင် သေွးပုတ်တွေယိုကြ

WWW.DHAMMARANSI.COM



ာလဘူးလား။ အဲဒီသဘောလက္ခဏာကိုမြင်ရမယ်၊ ၁ ရက်အသုဘ၏ သဘောတရားတဘယ်လို၊ ၂ ရက် အသုဘ၏ သဘောတရားကဘယ်လို၊ ၃ ရက်အသုဘတရားကဘယ်လို၊ ၄ ရက်အသုဘတရားက ဘယ်လို၊ အစဉ်ရုပ်၏ သဘာဝ ပြောင်းလဲပြီး ဖေါက်ပြန်တဲ့ သဘောတရားလေးကို မြင်ရလိမ့်မယ်။

အောင်-၁ ရက်အသုဘ၏ သဘောတရားက ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်ခန္ဓာ ၄ ပါးရှိနေသေးလို့ သာ နာမ်ခန္ဓာ ၄ ပါးမရှိဘူးဆိုလို့ရှိရင် ဒါကြီးက ပျက်စီးယိုယွင်း ရတော့မယ်၊ မြေကြီးသြဇာဖြစ်ရတော့မယ်၊ မိန်းမလဲမဟုတ် ယောကျ်ားလဲ မဟုတ် ငါကထင်နေတာ မိန်းမရယ် ယောကျ်ားရယ်လို့ ထင်နေတာ အသုဘတရားကြီး၊ ဒါကြီးဟာ ပျက်စီးယိုယွင်းရမဲ့တရား ပုပ်ရမဲ့တရား၊ ပွရမဲ့တရား၊ လောက်စားရမဲ့တရား၊ အရိုးကျရမဲ့ တရား၊ ဒီသဘောတွေသိနေပြီ၊ အဲဒီတော့ မြင်တိုင်းမြင်တိုင်း၊ ကြားတိုင်းကြားတိုင်း၊ နံတိုင်းနံတိုင်း၊ မြင်တာလဲ ပျက်စီးယိုယွင်း ပုပ်ရမဲ့တရား၊ ပွရမဲ့တရား၊ အရိုးကျရမဲ့တရား၊ နားနဲ့အသံနဲ့ ကြားလိုက်တဲ့ အချိန်အခါလဲ ခွေးသံကြားလိုက် ပြန်တော့လဲ ဩော်-ခွေးကလဲ ပုပ်ရမဲ့တရား၊ ခွေးကလဲ ခေါ်ဝေါ်သမုတ်လိုက်တဲ့ ပညတ်ဘဲ၊ အသုဘတရား၊ ခွေးဟာလဲ ပုပ်ရမယ်၊ ပွရမယ်၊ အရိုးကျရမဲ့တရား၊ နှာခေါင်းနဲ့အနံ့နဲ့ ထိမှန်လိုက်တဲ့အချိန် အခါမှာလဲ ဩော်-ပျက်စီးယိုယွင်းပြီးတော့ မမြဲတဲ့အသုဘတရား လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အခါ ရသာရုပ်ကလဲ ပျက်စီးယိုယွင်း ပြီးတော့မမြဲ၊ ပြောင်းလဲ ဖေါက်ပြန် တယ်တဲ့၊ အသုဘတရား၊

WWW.DHAMMARANSI.COM



ကိုယ်နဲ့ အခတ္တနဲ့ ထိမှန်လိုက်တဲ့အခါ တင်းလိုက်၊ တောင့်လိုက်၊ ထုံလိုက်၊ ကျင်လိုက်၊ အောင့်လိုက်၊ ပူလိုက်၊ အေးလိုက်၊ လှုပ်လိုက်၊ ရွလိုက်ဆိုတာ အမြဲပြောင်းလဲ့ တတ်တဲ့တရား၊ အသုဘတရား၊အသုဘလက္ခဏာ မနောနဲ့ မမှုနဲ့ ပေါင်းဆုံလိုက်တဲ့အချိန် အခါ ကောင်းတာလေးပေါ်လာလိုက်၊မကောင်းတာလေးပေါ် လာလိုက် အမြဲပြောင်းလဲ့ဖေါက်ပြန်နေတဲ့ အသုဘတရား။

မြင်တာလဲအသုဘ သဘောတရားဘဲမြင်တော့တယ်၊ ကြားလိုက်တဲ့အသံလဲ ' မိန်းမအသံကြားတော့ မိန်းမအသုဘကိုမြင်ရပြီ မိန်းမရယ်လို့ မညွတ်တော့ဘူး၊ သဘောတရား မြင်နေပြီ၊ အဲဒီလို မြင်နေတဲ့အချိန်အခါမှာ မြင်တဲ့ အပေါ်မှာလဲ၊ ခြော်– ပျက်ဆီး ယိုယွင်းရမယ်၊ အမြဲပြောင်းလဲ့ပျက်ရမဲ့ တရားကြီးပါလား၊ နားကလဲ အမြဲပြောင်းလဲ့ ပျက်ရမဲ့ အသုဘ တရားပါလား၊ နှာခေါင်းကလဲ အမြဲပြောင်းလဲ့ ပျက်ရမဲ့ အသုဘတရား၊ လျှာကလဲ အမြဲပြောင်းလဲ့ ပျက်ရမဲ့ အသုဘတရား၊ ကိုယ်ကလဲ ထိလိုက်တဲ့အခါ အမြဲပြောင်းလဲ့ပြီး ပျက်ရမဲ့ အသုဘတရား၊ မနောကလဲ အမြဲပြောင်းလဲ ပျက်ရမဲ့ အသုဘတရား၊ အဲဒီလို အသုဘတရား ထင်ပွားပြီး၊ မိန်းမရယ်လို့ မထင်၊ ယောကျ်ားရယ်လို့ မထင်၊ ကားရယ်လို့မထင်၊ တိုက်ရယ်လို့မထင်၊ ချောတယ်လို့ မထင်၊ လှတယ်လို့မထင်။

နားနဲ့အသံ ကြားလိုက် ပြန်တော့လဲ ခွေးသံ၊ ဝက်သံရယ်လို့ မထင် အသုဘတရားသာထင်၊ နှာခေါင်းနဲ့ အနံ့နဲ့ ထိမှန်လိုက်

WWW.DHAMMARANSI.COM



တဲ့အချိန် အခါမွှေးတယ်၊ သင်းတယ်မထင်၊ အသုဘ တရားသာ တင်၊ အထင်သဘောဖြစ်သွားပြီး၊ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့ အချိန်အခါ ရသ၏ ရုပ်ဟာမမြဲ ပြောင်းလဲနေတာ ချိုတယ်၊ ချဉ်တယ်လို့မထင်၊ အသုဘရယ်လို့ထင်၊ ကိုယ်နဲ့ အတွေ့နဲ့ ထိမှန် လိုက်တဲ့အချိန်အခါမှာ အမြဲပြောင်းလဲနေတယ်၊ တင်းတဲ့ သ ဘောတွေက မတင်းတဲ့သဘော မတင်းတဲ့သဘောကနေပြီး ထုံ တဲ့သဘော၊ ထုံတဲ့သဘောကနေပြီး မထုံတဲ့သဘော၊ မထုံတဲ့ သဘောကနေပြီး ကျုံ့တဲ့သဘော၊ ကျုံ့တဲ့သဘောက နေပြီး အောင့်တဲ့သဘော အောင့်လာတဲ့ သဘောကနေပြီး မအောင့်တဲ့ သဘော မအောင့်တဲ့သဘောကနေပြီး ပူတဲ့သဘော ပူတဲ့သ ဘောကနေပြီး မပူတဲ့သဘော မပူတဲ့သဘောကနေပြီး အေးတဲ့ သဘော အေးတဲ့သဘောကနေပြီး မအေးတဲ့သဘော မအေး တဲ့သဘောကနေပြီး လှုပ်လာတဲ့သဘော လှုပ်လာတဲ့သဘောက နေပြီး မလှုပ်တဲ့သဘော မလှုပ်တဲ့သဘော မလှုပ်တဲ့သဘောက နေပြီး တွန်းတဲ့သဘော တွန်းတဲ့သဘောကနေပြီး မတွန်းတဲ့သ ဘော အမြဲပြောင်းလဲပြီးတော့ နေတဲ့သဘော၊ မနောနဲ့ မွေ့နဲ့ ပေါင်းစုံလိုက်တဲ့ အချိန်အခါ ကောင်းတာတွေ ပေါ်လာတယ်၊ မကောင်းတာလဲ ပေါ်လာတယ်၊ အမြဲပြောင်းလဲနေတဲ့ အသုဘ တရား။

မြင်တာလဲ အသုဘတရား၊ ကြားလိုက်တဲ့ အသံလဲ အသုဘ တရား၊ နံတာလဲ အသုဘတရား၊ စားလိုက်တဲ့ ရသာလဲ အသုဘ တရား၊ ထိလိုက်တဲ့ အတွေ့လဲ အသုဘတရား၊ သိလိုက်တဲ့စိတ်

WWW.DHAMMARANSI.COM



လဲအသုဘတရား၊ အမြဲဒလစေကြီး အသုဘ သဘောတရားပေါ်မှာ တည်သွားပြီ၊ အထင်ဥာဏ်ရသွားပြီ၊ အသုဘ သဘောတာပန် တည်သွားပြီ၊ တလုံးထဲဖြစ်နေပြီ၊ အသုဘတရား ကြီးလိုဖြစ်နေတော့မိန်းမ-ယောကျ်ားရှိသေးသလား၊ ခေါ်ဝေါ်သမုတ်ထားတဲ့ မိန်းမ-ယောကျ်ား ချောတယ်၊ လှတယ်၊ ဝတယ်ဆိုတဲ့ အဝိဇ္ဇာပညတ် ရှိသေးသလား၊ အဝိဇ္ဇာပညတ် ကျန်နေပြီ၊ အသုဘ သဘောတရား လက္ခဏာကို မြင်နေပြီ အဝိဇ္ဇာပညတ် ပါယ်ပြီ၊ အဝိဇ္ဇာပညတ် ကျန်နေပြီ၊ ရှိပညတ်၊ မရှိပညတ်။

ရှိပညတ်က အသုဘ လက္ခဏာ မရှိပညတ်က မိန်းမ-ယောကျ်ား ချောတယ် လှတယ်ဆိုတာ မရှိပညတ် မရှိပညတ်ခေါ်ဝေါ်သမုတ်ထားတဲ့ အဝိဇ္ဇာပညတ် ပါယ်လိုက်ပြီ၊ မျက်စေ့က တကျောပါယ်တယ်ဆိုတာ အဲဒါဒိဋ္ဌိ၊ ပါယ်တယ် ဆိုတာ အယူမှား အမှတ်မှား မိန်းမရယ်လို့ အယူမှားတာ ယောကျ်ားရယ်လို့ အယူမှားတာ ရှိသေးသလား အဝိဇ္ဇာပညတ်ပါယ်ပုံတွေ မျက်စေ့ပါယ်လိုက်ပြီ။

မြင်လိုက်တဲ့အပေါ်မှာ မိန်းမရယ်—ယောကျ်ား ရယ် လို့ ဆိုတာ အဝိဇ္ဇာပညတ်ပါယ်လိုက်ပြီ၊ ချောတယ်၊ လှတယ်၊ ဝတယ်၊ ဖြူတယ်၊ ဖွေးတယ်၊ ရေ-မြေ-တော-တောင် သမုဒ္ဒရာ ဆိုတဲ့ ခေါ်ဝေါ်သမုဒ်ထားတဲ့ အဝိဇ္ဇာပညတ် ပါယ်လိုက်ပြီ။

WWW.DHAMMARANSI.COM



မြင်သမျှ အသုဘတရား၊ ပျက်ဆီးယိုယွင်းရမဲ့တရား၊ ပြောင်းလဲဖေါက်ပြန်ရမဲ့တရား မြင်သွားပြီ အဲဒီတော့ မျက်စေ့ကနေပြီးတော့ တကာကြီး အဝိဇ္ဇာပညတ် ပယ်လိုက်ပြီ မဟုတ်လား၊ ဘာပညတ်ကျန်သလဲ ဝိဇ္ဇာပညတ်ကျန်နေပြီ၊ ရှိပညတ်ကျန်နေပြီ ရှိပညတ်က တကယ်ရှိတာက အသုဘလက္ခဏာ၊ မရှိပညတ် ပယ်ပြီး ရှိပညတ်ကျန်တယ်၊ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိတဲ့ ၂–ခုနေ့ ၊ ကံနဲ့ ကတ္တား၊ မိစ္ဆာဒိဋ္ဌိမရှိ ပညတ်၊ ဥပဒါန် ရှိတဲ့ပညတ်က သမ္မာဒိဋ္ဌိ အမှန်ရှိတာကဘာလဲ၊ အသုဘလက္ခဏာ အသုဘလက္ခဏာ သိနေပြီဆိုရင် သမ္မာဒိဋ္ဌိမရှိတာ သိတာက မိန်းမ-ယောကျ်ား ဖြူတယ်၊ ချောတယ်၊ သိတာက မိစ္ဆာ အသိမိစ္ဆာပယ်လို့ သမ္မာ ဖြစ်မနေဘူးလား၊ နားပေါက်လလဲ ခွေးသံဘဲ၊ ဝက်သံဘဲ၊ တကာမအသံဘဲ၊ တကာအသံဘဲ၊ ရေဒီယိုအသံဘဲ မကြားတော့ဘူး၊ ကြားသမျှအသံ အသုဘတရား၊ အသုဘလက္ခဏာ အမြဲပြောင်းလဲ ပျက်တတ်တဲ့ သဘောတရားသာ ဖြစ်နေပါလား၊ ဒါအသုဘတရား၊ နားပေါက်ကလဲ အဝိဇ္ဇာပညတ် မပယ်ဘူးလား၊ ဝိဇ္ဇာပညတ် မကျန်ဘူးလား။

နှာခေါင်းကလဲ မွှေးတယ်၊ သင်းတယ်၊ ကြိုင်တယ် ဆိုတဲ့ အဝိဇ္ဇာ ပညတ် မရှိတော့ဘူး၊ အမြဲ ပြောင်းလဲ ပျက်နေတဲ့ အသုဘ တရား၊ အဝိဇ္ဇာ ပညတ် ပယ်လိုက်ပြီ၊ ဝိဇ္ဇာ ပညတ် ကျန်နေပြီ၊ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့ အချိန် အခါ ချိုတယ်၊ ချင်တယ်၊ ငံတယ်၊ စပ်တယ်၊ ခါးတယ်၊ ပူတယ်၊ ဆိုတဲ့ အဝိဇ္ဇာပညတ်ရှိသေးသလား၊ ဝိဇ္ဇာပညတ် အမြဲဒလှစေ

WWW.DHAMMARANSI.COM



ပြောင်းလဲပြီး ပျက်နေတဲ့ အသုဘတရား၊ အသုဘတရားဘဲရှိတယ်၊ လက္ခဏာဘဲရှိတယ်၊ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့ အချိန်အခါမှာလဲ အဝိဇ္ဇာပညတ် ပါယ်လိုက်ပြီ၊ ဝိဇ္ဇာပညတ် ကျန်နေပြီ၊ ကိုယ်နဲ့ အတွေ့နဲ့ ထိမှန်လိုက်တဲ့အချိန် အခါမှာလဲ တင်းလိုက်တာ ထုံလိုက်တာ တောင်လိုက်တာ ယားလိုက်တာ ကိုက်လိုက်တာ ပူလိုက်တာ အေးလိုက်တာ ဆင်းရဲလိုက်တာ ချမ်းသာလိုက်တာဆိုတဲ့ အဝိဇ္ဇာပညတ် ရှိသေးသလား၊ အမြဲပြောင်းလဲပျက်ပြီးတော့ နေတဲ့အသုဘတရား၊ အသုဘလက္ခဏာ၊ မနေဘနဲ့ မမှန်နဲ့ ပေါင်းစုံလိုက်တဲ့ အချိန်အခါ ကောင်းတာလေး သိတော့ ကောင်းတယ်၊ မကောင်းတာပေါ်လာတော့ မကောင်းဘူး၊ အဲဒီအဝိဇ္ဇာပညတ် ပါယ်လိုက်ပြီ၊ ပြောင်းလဲနေတဲ့ အသုဘတရား။

မြင်တာလဲ ပျက်ဆီးယိုယွင်းရမဲ့ အသုဘတရား၊ နားနဲ့အသံနဲ့ကြားလိုက် ရတဲ့ဟာ ပျက်စီးယိုယွင်းရမဲ့ အသုဘတရား၊ နှာခေါင်းနဲ့ အနံ့ ထိမှန်လိုက်တဲ့ အခါ ပျက်စီးယိုယွင်းရမဲ့ အသုဘတရား၊ လျှာနဲ့ အရသာနဲ့ စားလိုက်တဲ့အခါမှာလဲ ပျက်ဆီးယိုယွင်းရမဲ့ အသုဘတရား၊ ကိုယ်နဲ့ အတွေ့နဲ့ ထိမှန်လိုက်တဲ့အခါမှာလဲ ပျက်စီးယိုယွင်းရမဲ့ အသုဘတရား၊ အသုဘတရား လက္ခဏာပေါ်မှာ တည်မသွားဘူးလား၊ မြင်တာလဲ အသုဘတရား ကြားတာလဲ အသုဘတရား၊ နံတာလဲ အသုဘတရား၊ စားလိုက်တဲ့ အရသာလဲ အသုဘတရား၊ ထိလိုက်တဲ့ အတွေ့လဲ အသုဘတရား၊ သိလိုက်တဲ့ မမှုလဲ အသုဘတရား၊ လမ်းသွားပြန်လဲ အသု

WWW.DHAMMARANSI.COM



ဘတရား၊ ထိုင်တာလဲ အသုဘတရား၊ ယိုတာလဲ အသုဘတရား ပေါက်တာလဲ အသုဘ တရား၊ အိပ်လိုက်တာလဲ အသုဘ တရား၊ အသုဘတရားဘဲရှိတော့တယ်၊ တလောကလုံး အသုဘ ကြီးဘဲ။

မျက်စေ့က မြင်တော့ ငါမြင်တယ်လို့ ရှိသေးသလား၊ နား ကကြားတယ်- ကြားတယ်လို့ ရှိသေးသလား၊ နှာခေါင်းက နံ တယ် နံတယ်လို့ ရှိသေးသလား၊ လျှာက စားတယ် စားတယ် လို့ ရှိသေးသလား၊ ကိုယ်ကထိတယ် ထိတယ်လို့ ရှိသေးသလား၊ မနောက သိတယ် သိတယ်လို့ ရှိသေးသလား၊ အဲဒီလို အသုဘ တရား၊ အသုဘလက္ခဏာမြင်တာ ပြည့်တ်ခေါ်မလား၊ ပရမတ် ခေါ်မလား၊ သဘောမြင်နေပြီ၊ ခေါ်ဝေါ်သမုတ်တာက အသု ဘတရား၊ ခေါ်ဝေါ်သမုတ်တာက ပညတ်ဘဲ၊ အမြဲပြောင်းလဲ ပျက်စီးယိုယွင်းနေတဲ့ အသုဘတရားရယ်လို့ သဘောကို သိနေပြီ ခေါ်ဝေါ်တာက ပညတ်၊ အဲဒါဘယ်ပညတ် ပယ်လိုက်သလဲ ဆိုတော့ ဝိဇ္ဇာပညတ်ကျန်ပြီ၊ အဝိဇ္ဇာပညတ် ပယ်လိုက်ပြီ၊ အဲဒီ တော့ မျက်စေ့ပေါက်နေပြီး တကာကြီး အတိတ်ယုံမှားခြင်း ပစ္စုပ္ပန်ယုံမှားခြင်း၊ အနာဂါမ် ယုံမှားခြင်း ရှိသေးသလား၊ မရှိ တော့ဘူး၊ မိစ္ဆာပျောက်လို့ သမ္မာပေါ်မသွားဘူးလား၊ မိစ္ဆာ ဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်မသွားဘူးလား၊ သမာဒိဋ္ဌိဖြစ်မသွားဘူးလား၊ သမ္မာဒိဋ္ဌိဖြစ်သွားလို့ အမှန်မြင်မသွားဘူးလား၊ အမှန်မြင် သွား တော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဆို ဘို့ လိုသေးသလား။

WWW.DHAMMARANSI.COM



မြင်တဲ့ ဥစ္စာသမုဒယ ပါယ်လိုက်ပြီမဟုတ်လား၊ မရှိတဲ့ မိစ္ဆာကို ပါယ်လိုက်ပြီမဟုတ်လား၊ နကိုတုံးက မရှိတဲ့ မိစ္ဆာ အသိကို အမှားတွေ အသိဖြစ်- ဖြစ်နေတယ်မဟုတ်ဘူးလား၊ အဲ– ဒုက္ခသမုဒယဆိုတာ ဘယ်ဟာလဲတဲ့၊ မရှိတဲ့တရားတွေ မြင်နေတော့ ဥပဒ္ဒါန် သံသရာကြီး ပြေးလျှောက်ပြီး တခါထဲ ခန္ဓာအစဉ် တွေ့လယ်နေတယ်၊ ငါအပါယ်ကျမယ်ဆိုတာ သိသွားပြီ၊ အခုအပါယ်လွတ်ပြီဆိုတာမသိဘူးလား။ ငါမျက်စေ့ပေါက်က နေပြီးတော့ ရာဂ- ဒေါသ- မောဟ- မရှိတော့ဘူး၊ အပါယ် ၄–ပါး ကျရောက်မဲ့ ကံတွေမရှိတော့ဘူး၊ ငါမိစ္ဆာ ပျောက်လို့ သမ္မာ ဒိဋ္ဌိ ဖြစ်နေပြီ၊ အတိတ်ယုံမှားခြင်း၊ ပစ္စုပ္ပန်ယုံမှားခြင်း၊ အနာဂါမ် ယုံမှားခြင်း၊ ငါကင်းပြီ၊ အတိတ်တုံးက ငါမိန်းမမြင် မိန်းမသိတယ်၊ ချောတာလေးမြင်တော့ ချောတာလေးသိခဲ့တယ်၊ အခု ပစ္စုပ္ပါန်ကာလကျတော့လဲ မိန်းမမြင်ရင် မိန်းမသိတယ်၊ အခု ပစ္စုပ္ပန်မိန်းမမြင်ရင် မိန်းမသိလို့ သိရင်အနာဂါတ်မှာလဲ မိန်းမမြင်ရင် မိန်းမသိမှာဘဲ၊ အခုပစ္စုပ္ပါန် မိန်းမမြင်သေးရင် အနာဂါတ်မှာလဲ မိန်းမမြင်မယ်၊ အခုပစ္စုပ္ပါန် ချောတာ မြင်ရင်လဲ အနာဂါတ်မှာ ချောတာမြင်မယ်၊ မရှိပညတ်ကြီး အဲဒါဘာလဲ အတိတ်ယုံမှားခြင်း ပစ္စုပ္ပါန် ယုံမှားခြင်း၊ အနာဂါတ် ယုံမှားခြင်း ။

အတိတ်ယုံမှားခြင်းက ဘာလဲတဲ့ အတိတ်က မိန်းမမြင်လို့ မိန်းမသိခဲ့တယ်တဲ့ အတိတ်ယုံမှားခြင်း၊ အခုပစ္စုပ္ပါန် မိန်းမ မြင်ရင် မိန်းမသိတာ ပစ္စုပ္ပါန်ယုံမှားခြင်း၊ ပစ္စုပ္ပါန် ယုံမှားခြင်း

WWW.DHAMMARANSI.COM



ဖြစ်တော့ အနာဂါတ်မှာလဲဘဲ ယုံမှားခြင်းဘဲ၊ ကာလ ၃–ပါး လွှတ်သလား၊ အတိတ်ကာလ ပစ္စုပ္ပါန်ကာလ အနာဂါတ်ကာလ အပါတ်လဲမရှိတဲ့ခန္ဓာ ဥပါဒါန်၊ အခုပစ္စုပ္ပါန်လဲ ဥပါဒါန် ခန္ဓာ မိန်းမ ခန္ဓာ အနာဂါတ်ကျလဲ မိန်းမခန္ဓာ အတိတ်ကလဲ ယုံမှားမှု ခန္ဓာ ပစ္စုပ္ပါန်လဲ ယုံမှားခြင်း၊ အနာဂါတ်လဲ ယုံမှားခြင်း ယုံမှားခြင်းကိလေသာ ဖြစ်မနေဘူးလား၊ ဘာကြောင့်ဖြစ်သလဲ ဒိဋ္ဌိကြီး ဒိဋ္ဌိဖြစ်တော့ ယုံမှားမှုကိလေသာပါပြီနော်– ကိလေသာ ၂-ပါးမျက်စေ့ကနေပြီးတော့ မိန်းမလဲမမြင်၊ ယောကျ်ားလဲမမြင်၊ ခွေးမမြင်၊ ဝက်မမြင်၊ ရေမမြင်၊ တောမမြင်၊ တောင်မမြင်၊ ဘာမှမမြင်ဘူး၊ ဘာလဲ အဝိဇ္ဇာခေါ်ဝေါ်သမုတ်ထားတဲ့ မရှိပညတ် ပါယ်လိုက်ပြီ၊ ရှိတဲ့ပညတ်ကျန်နေပြီ၊ မြင်တာလဲအသုဘတရား၊ ခေါ်ဝေါ်သမုတ်တာကို သဘောပေါက်အောင်ပြောတာ သဘောလေးကို ပြောလို့ မဖြစ်ဘူး၊ တကာတကာမတွေ သဘောပေါက်အောင် ပညတ်တင်စားပြီး ပညတ်ကို ဟောနေတာ။

ပရမတ်ဟောပါဆိုရင် မဟောဘူး၊ ရပ်နေမယ် ဘယ်လိုလုပ်ဟောမလဲ ဟောလိုက်ရင်ပညတ်၊ ပညတ်နဲ့ ပရမတ်ပြလိုက်မယ် အဲဒီပညတ်ပေါ်ကနေပြီး ပရမတ်သဘောပေါက်အောင် ဟောနေရတယ်၊ တကာ တကာမတွေ သစ္စာ ၄–ပါးရအောင် ဒီလိုရှုဒီလိုမြင်လိမ့်မယ်၊ သဘောပေါ်လိမ့်မယ်၊ နှလုံး သွင်း တာက ပညတ်၊ ပေါ်လာတဲ့ သဘောက ပရမတ် အဲဒီလိုသဘောတရားတွေကို တင်းပြီးတော့ ဝိဇ္ဇာပညတ် ဖြစ်အောင် ပြောနေရတာ

WWW.DHAMMARANSI.COM



အပါယ် ၄-ဘုံက လွတ်အောင်လို့ အဲဒီတော့ မြင်တာ အသုဘ တရား၊ ကြားတာ အသုဘတရား၊ အသုဘကလုံးထဲ၊ အသုဘ သဘောတရား မြင်မသွားဘူးလား၊ မြင်သွားမယ်၊ မိန်းမ- ယောကျ်ားရယ်လို့ ရှိသေးသလား၊ မရှိဘူး၊ အဲဒီတော့ မိစ္ဆာ ပါယ်လိုက်ပြီ၊ သမ္မာဒိဋ္ဌိ ဖြစ်မနေဘူးလား၊ အဲဒီတော့ ဒိဋ္ဌိပြုတ် တော့ အတိတ်ယုံမှားခြင်း၊ အနာဂါတ်ယုံမှားခြင်း၊ ပစ္စုပ္ပါန် ယုံမှားခြင်း၊ လွတ်မနေဘူးလား။

အဲဒီတော့ သောတာပန် ပါယ်ပုံ ပါယ်နည်း သောတာပန် မြင်ပုံ၊ အသုဘ သောတာပန်၊ အသုဘ သောတာပန်က နေပြီး အသုဘသကဒါဂါမ် ဒါက အထင်ဉာဏ် ပျက်စီးယိုယွင်းရမဲ့ သ ဘောတရားကို မြင်နေတာ မမြဲတဲ့တရား အမြဲပြောင်းလဲ ပျက် ရမယ်ဆိုတာ သူသိနေတယ် သဘောတရားကြီးကို သိနေပြီ၊ အ မြဲပြောင်းလဲ ပျက်ရမဲ့တရား၊ နားကလဲ ပြောင်းလဲ ပျက်ရမဲ့ တ ရား၊ အသံတွေကလည်း ပြောင်းလဲ ပျက်ရမဲ့တရား၊ အသံတွေ က လဲအသုဘတရား၊ အနံ့တွေကလည်း အသုဘတရား၊ ရသာတွေ ကလဲ အသုဘတရား၊ အတွေ့တွေကလည်း အသုဘတရား၊ ဓမ္မ တွေကလဲ အသုဘတရား၊ တလောကလုံး အသုဘ တရားသာရှိ ပါကလား၊ အသုဘသဘောတရားသာထင်ပြီး၊ အသုဘသဘော တရားကိုဘဲ သိသွားပြီ။ အတိတ် ယုံမှားခြင်း လွတ်သွားပြီ၊ ပစ္စုပ္ပါန် ယုံမှားခြင်းလဲ လွတ်သွားပြီ၊ အနာဂါမ် ယုံမှားခြင်း လွတ်သွားပြီ၊ ပစ္စုပ္ပါန် ယုံမှားခြင်း လွတ်သွားလို့ အနာဂါမ် ယုံ မှားခြင်းကင်းတာ။

WWW.DHAMMARANSI.COM



မျက်စေ့ပေါက်ကနေပြီး အတိတ်ယုံမှားခြင်း၊ပစ္စုပ္ပါန်ယုံမှားခြင်း၊အနာဂါမ်ယုံမှား၊ကိလေသာရယ်၊ မိစ္ဆာဒိဋ္ဌိရယ် ကိလေသာနှစ်ပါးမပါယ်ဘူးလား၊ဘာကြောင့်ပယ်သလဲမျက်စေ့ကအသုဘယုံမှားခြင်းလက္ခဏာ သဘောတရားကိုမြင်နေလို့ မျက်စေ့ကလဲဒိဋ္ဌိကိလေသာ ယုံမှားမှုကိလေသာ၊ အဲဒီကိလေသာ ၂-ပါးကိုပယ်လိုက်ပြီ၊ အဲဒါသောတာပန် သောတာပန် သောတာပန် ပယ်လိုက်ပြီ၊ အဲဒီလို မြင်နေပြီဆိုရင် ငါသောတာပန်ဘဲလို့ တထစ်ချမှတ်၊ မျက်စေ့ကလဲအသုဘတရား၊ နားကလဲအသုဘတရား၊ နှာခေါင်းကလဲအသုဘတရား၊ လျှာကလဲအသုဘတရား၊ ရသာကလဲအသုဘတရား၊ မြင်တာကလဲအသုဘဟာရား၊ အဆင်းကလဲ အသုဘတရား၊ အသံကလဲအသုဘတရား၊ နားကလဲ့ အသုဘတရား၊ အနံ့ကလဲ့အသုဘတရား၊ နှာခေါင်းကလဲ့အသုဘတရား၊ လျှာကလဲ အသုဘဘရား၊ ရသာရုပ်ကလဲ အသုဘတရား၊ အတွေ့ကလဲအသုဘတရား၊ ကိုယ်ကလဲအသုဘတရား၊ နှလုံးသဘောကလဲ့အသုဘတရား၊ မမှုကလဲအသုဘတရား၊အကုန်လုံးမြင်နေတာလဲအသုဘတရား၊ ကြားတာလဲ့အသုဘတရား၊ နံတာလဲ့အသုဘတရား၊ စားတာလဲအသုဘတရား၊ ထိတာလဲ့အသုဘ၊ သိတာလဲအသုဘ၊ ယိုတာလဲအသုဘ၊ ပေါက်တာလဲ အသုဘ၊ ထိုင်တာလဲ အသုဘ၊ အကုန်လုံးအသုဘကြီးဘဲ။

အသုဘခြည်းဖြစ်နေတော့ တဖောကြီး မျက်စေ့ပေါက်ကနေပြီး ဒကာကြီး **အသုဘသောတာပန်တည်သွားပြီ၊ ကိလေသာတော့ တတုံးကြီးရှိသေးတယ်၊** ရှိတယ်နော်—

WWW.DHAMMARANSI.COM



အသုဘတင်နေတာ အသုဘမမြဲတော့ဘူး ဆိုတာ အသုဘသောတာပန်ကြီး သူကအသုဘလက္ခဏာ၊ အသုဘသောတာပန်ကနေပြီးတော့ တချိန်တည်းသွားမယ်၊ မနားဘူး၊ မနားဘူး၊ အသုဘပေါ်တည်လာတော့ စိတ်ကလေးကတည်ငြိမ်ပြီး စိတ်ကလေးကအကြည်ဓာတ် ထွက်လာတယ်၊ ဘုရားကဟောထားတယ် ဒကာကြီးရဲ့၊ **အထင်သဘော အမြင်သဘော၊ အထင်ဉာဏ် အမြင်ဉာဏ်၊ ထင်ရုံလေးနဲ့မရဘူး၊ အမြင်ဉာဏ်ကြီးကျမှ ကိလေသာခေါင်းပါးတယ်၊ အမြင်ဉာဏ်ကြီးမှ ကိလေသာ ပါယ်တယ်၊ အထင်သဘောလေးနဲ့မရဘူး။ သဘောလေးဆောင်သွားယုံနဲ့မရဘူး၊ မြင်ကိုမြင်နေရမယ်၊** မနောဒွါရ စိတ်ကကိုပျက်မှ၊ စိတ်ကိုက အသုဘစိတ်ဖြစ်မှ အသုဘတရားပေါ်ရမယ်၊ အသုဘစိတ်မှ မဖြစ်လို့ရှိရင် အသုဘပေါ်ပါ့မလား၊ အဲဒီတော့ အသုဘ သဘောပေါ်မှာ တည်သွားတယ် ဒကာကြီးရဲ့၊အသုဘစိတ်ကြီးဖြစ်သွားတယ်။ အထင်ဉာဏ်ရတယ် အထင်ဉာဏ်ရတော့ ဘုရားကဓမ္မစကြာကြီးဟောထားတယ်မဟုတ်လား။

ဘယ်လိုဟောထားသလဲ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဘုရားဟောထားတယ်နော်— အဲဒီတော့ အသုဘလက္ခဏာပေါ်မှာ တော့ ဓမ္မာ တခုထဲ စိတ်တစိတ်ထဲဖြစ်နေပြီ၊ စိတ်တစိတ်ထဲဖြစ်နေတာ မျက်စေ့ပေါက်ကနေပြီးတော့ အသုဘလက္ခဏာ သဘောတရား

WWW.DHAMMARANSI.COM



မြင်နေတော့ စိတ်ကလေးက အသုဘစိတ်ဖြစ်သွားတော့ စိတ်အကြည်ဓာတ်ကြီး ထွက်လာပြီ၊ စိတ်အကြည်ဓာတ်ကြီး လောဘကိလေသာ ဒေါသကိလေသာ မောဟကိလေသာ အပါယ်ကျမဲ့ကံတွေ လွတ်သွားပြီ၊ မျက်စေ့ပေါက်ကလဲမြင်တိုင်း- မြင်တိုင်း ငါဘယ်တော့မှ အပါယ်မကျတော့ဘူးဆိုတာ သိသွားပြီ၊ နားနဲ့ အသံနဲ့ကြာ လိုက်တဲ့အခါမှာလဲ အသံပေါ်မှာလဲ အပါယ်မကျဘူး၊ လောဘ ဒေါသ မောဟမရှိတော့ဘူး၊ လောဘက ပြိတ္တာ ဒေါသကငရဲ၊ မောဟကတိရစ္ဆာန် ငါဘယ်တော့မှ အပါယ်မကျတော့ဘူး၊ အသံကြားလိုက်တာလဲ အပါယ်မကျတော့ဘူး၊ မြင်လိုက်တဲ့အပေါ်မှာလဲ အပါယ်မကျတော့ဘူး၊ နံလိုက်တဲ့အပေါ်မှာလဲ အပါယ်မကျတော့ဘူး၊ စားလိုက်တဲ့ အရသာပေါ်မှာလဲ အပါယ်မကျတော့ဘူး ထိလိုက်တဲ့အတွေ့လဲ အပါယ်မကျတော့ဘူး၊ သိလိုက်တဲ့ ဓမ္မပေါ်မှာလဲ အပါယ်မကျတော့ဘူး၊ အဲဒီလို အပါယ်မကျဘူးသိတော့ လောကကြီးပျော်ပြီ၊ မချမ်းသာဘူးလား။

**အဲဒီလိုငါကြိမ်းသေ ဘယ်တော့မှ ငါအပါယ်မကျတော့ဘူးဆိုတာသိတာ သောတာပန်တို့ နိဗ္ဗာန်သို့ရောက်ပြီ၊ ဟိုနိဗ္ဗာန်ကြီးမြင်သေးတာ မဟုတ်ဘူး သောတာပန် နိဗ္ဗာန်ကြီးမြင်လို့ရှိရင် ဒီမှာကိလေသာသေသွားမှာဘဲ၊ ကိလေသာတွေက လှေတွေ လှည်းတွေ သင်္ဘောတွေနဲ့ တင်လို့မကုန်နိုင်ဘူး**

WWW.DHAMMARANSI.COM



**နော် – အဲ့ဒီတော့ သောတာပန်ဟာ ဒကာကြီးရဲ့ လက်တလှမ်းကလေးပါ**

သောတာပန်တွေ၊ သကဒါဂါမ်တွေ အထင်မကြီးနဲ့ လုပ်ရင်ရတယ်၊ မလုပ်ချင်ဘဲနဲ့ ဘယ်သိမလဲ မသိရင် သောတာပန် သကဒါဂါမ် အင်မတန် ခဲယဉ်းတယ်ထင်ကြတယ်၊ မခဲယဉ်းဘူး လုပ်ရင်ရတယ်၊ ဘုရားလက်ထက်က ၇ ရက်နဲ့ရတယ်၊ ၁၀-ရက်နဲ့ ရတယ်၊ ၁၅-ရက်နဲ့ရတယ်၊ တဝါနဲ့ရတယ်၊ မရဘူးလား ရတယ်။

**အခုနောက်ပိုင်း သာသနာဆရာသာ မှန်ရင် ရတယ်၊ ဆရာမမှန်လို့ရှိရင် ကမ္ဘာတသိန်း ကျင့် ဘယ်တော့မှ မရဘူး၊ အဲ – ဒကာကြီး အသုဘ သောတာပန်တော့ တည်သွားပြီ၊ အသုဘသော တာပန်တည်သွားတော့ ဒကာကြီး အသုဘ လက္ခဏာစိတ် တည်ပြီ။**

တည်သွားတော့ ဒိဋ္ဌိတော့ပြုတ်သွားပြီ အမြင်ပေါ်မှာ ဒိဋ္ဌိ ပြုတ်သွားပြီ ရုပ်ပေါ်မှာ ဒိဋ္ဌိပြုတ်တော့ ဒကာကြီးနာမ်ပေါ် မှာလဲ ဒိဋ္ဌိပြုတ်တယ်၊ ဒကာကြီး ဒကာကြီး နာမ်ပေါ်မှာလဲ ဒိဋ္ဌိပြုတ်တာဘဲ၊ ဘာကြောင့်လဲဝေဒနာကတော့လဲ အသုဘဘဲ နော် – ခန္ဓာထဲက နေပြီးတော့တင်းတာ၊ တောင့်တာ၊ ထုံတာ ကျင်တာ၊ အောင့်တာ၊ ပူတာ၊ အေးတာ၊ တင်းတယ်လို့မသိ

WWW.DHAMMARANSI.COM



တောင့်တယ်လို့မသိ၊ ထုံတယ်လို့မသိ၊ အောင့်တယ်လို့ မသိ၊ ပူတယ်လို့မသိ၊ အေးတယ်လို့မသိ၊ ဆင်းရဲတယ်လို့မသိ၊ ချမ်းသာတယ်လို့မသိ၊ လှုပ်တယ်လို့မသိ၊ ရှတယ်လို့မသိ၊ မှတယ်လို့ မသိ၊ မသိတော့ဘူး၊ ပညတ်တွေခွာလိုက်ပြီ၊ ပြောင်းလဲ ဖေါက်ပြန်နေတဲ့အသုဘတရား၊ အသုဘဘဲသိတယ်၊ ပြောင်းလဲနေတဲ့ **မမြဲတဲ့သဘောတရား အသုဘတရား၊ အဲဒီအသုဘ စိတ်တည်သွားတော့ တလောကလုံး အသုဘလက္ခဏာပေါ်တည်သွားပြီ၊ အသုဘစိတ် ဖြစ်သွားပြီ၊ အသုဘစိတ်ဖြစ်သွားသည်နှင့် တပြိုင်နက်တည်း တကာကြီး စိတ်အကြည်ဓာတ် ထွက်လာပြီ၊ စိတ်တံခိုးသိတ်ကြီးတယ်၊ စိတ်တန်ခိုးကြီးတော့ လက်ဦးတုန်းကတော့ အထင်သဘော၊ အထင်သဘောက နေပြီး အမြင်သဘောမြင်လာပြီ၊ မျက်စေ့မှိတ်ထားလိုက်တော့ စိတ်က ကြည့်ချင်တယ် ဆိုတော့ စိတ်အကြည်ဓာတ်ကြီးက ထွက်လာတယ်၊ ထွန်းပြ**လိုက်တာ တလောကလုံးထိန်လာတယ်၊ စိတ်အကြည်ဓာတ်ကြီးက ထွန်းပြလိုက်တာ၊ အပြင်ဘက်ကလာပြီး ထွန်းတာမဟုတ်ဘူး စိတ်ကလေးက ကြည်လာတယ် စိတ်တန်ခိုးဟာ အင်မတန်ကြီးတယ်။

**စိတ်တန်ခိုးကြီးတော့ စိတ်ကလေး တည်ငြိမ်လာလို့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ တရား**

WWW.DHAMMARANSI.COM



**တွေ့မရှိလို့ ရှိရင် တကာကြီး ဒီစကြာဝဠာက ဟို စကြာဝဠာကြည့်ရင်မြင်တယ်၊ အဝီစိ ကြည့်လိုက် မြင်တယ်၊ ဗြဟ္မာ ၂၀-ကြည့် မြင်တယ်၊ တောင် ကြီးတွေ ဖေါက်ကြည့်လိုက် မြင်တယ်၊ မလုပ်တဲ့ ပုဂ္ဂိုလ်အတန်းတွေက မမြင်ဘူး၊ ကျင့်လျှင်သမာဓိ ရှိရင်မြင်တယ်၊ မကျင့်တဲ့ပုဂ္ဂိုလ်က မြင်ပါ့မလား အောက်ကြည့် အဝီစိထိအောင်မြင်တယ်၊ အထက် ကြည့်ရင် ဘဝဂ်ထိအောင်မြင်တယ်။**

ဘာကြောင့်လဲတဲ့ စိတ်တန်ခိုးတွေ့ စိတ်ကြည်လင် နေတော့ ဒကာကြီး လောဘ ဒေါသ မောဟ ကိလေသာစင်ကြယ်နေတော့ မြင်တာဘဲ၊ အဲဒီတော့-စိတ်အကြည်ဓာတ်ကြီးထွက်လာတယ်၊စိတ် အကြည်ဓာတ်ကြီးထွက်လာတော့ ကြည့်ချင်တယ်ဆိုတာနဲ့ မြင် လာတယ်။ ခန္ဓာကိုယ်ကြီး ကြည့်လိုက်တဲ့အခါ လက်ဦးက အသု ဘ သဘောတရားကို သဘောထင်နေတာမမြဲဘူး၊ ပျက်ရမှာဘဲလို့ မမြဲတဲ့တရားအသုဘလို့ထင်တယ်၊ အဲ-အထင်ဉာဏ်ကနေပြီးတော့ စိတ်တန်ခိုးဟာ အင်မတန်မှကြီးတယ်၊ ခန္ဓာကိုယ်ကြီး မျက်စေ့ မှိတ်ပြီး ကြည့်လိုက်တဲ့ အချိန်အခါကျတော့ ခန္ဓာကိုယ်ကြီးမြင် လာပြီ။

**အသားတွေကြည့်လိုက်တဲ့ အခါမှာလဲမွှေးညှင်း မွှေးပေါက် တွေမြင်လာပြီ၊ မွှေးညှင်းမွှေးပေါက်တွေ မြင်လာတဲ့ အချိန်**

WWW.DHAMMARANSI.COM



အခါမှာ အသားတွေဟာလဲ ကွဲလာပြီ ဟိုကကွဲ ဒီကကွဲ ဟိုကညို ဒီကညို အသားတွေကွက်လာတယ်၊ အသားတွေ ကွက်လာတာ ကနေပြီးတော့ ဗိုက်ကြီးကဖေါင်းလာပြီးတော့ မျက်စေ့ပေါက် နှာခေါင်းပေါက်က နေပြီးတော့ အပုတ်ရေတွေ ယိုကျလာပြီ စိတ်ကိုက အသုဘစိတ်ကိုး။ ဩော်– ကြည့်စမ်း လက်ဦးတုန်းက ငါထင်နေတဲ့ သဘောအသုဘထင်တဲ့ သဘောအသုဘသဘောကို ငါအခုမြင်နေပါသလား၊ မျက်စေ့ကလဲယိုကျနေပါသလား။ နှာခေါင်းပေါက်ကလဲ အပုတ်ရေတွေယိုကျနေပါသလား၊ အမြင် ဥာဏ်ကြီး၊ ပါးစပ်ပေါက်ကလဲ ယိုကျနေပါသလား၊ ဗိုက်ကြီး ကလဲ ဖေါင်းနေပါသလား၊ အပုတ်ရေတွေ ယိုကျလာတော့ ဗိုက်ထဲကြည့်လိုက်တယ် စိတ်နဲ့ကြည့်လိုက်တဲ့ တပြိုင်နက် ဇာည်း ဗိုက်ထဲမှာ ပွစိ–ပွစိနဲ့ ပိုးတွေစားနေတာမြင်ပြီ။

ပုတ်မှာကိုး တခါထဲ ခန္ဓာကိုယ်ကြီးဟာ ပုတ်လိုက် ပွလိုက် လောက်တွေစားနေလိုက်၊ ရေမြှုတ် ရေစိုင်ခဲကြီး ဆူပွက်နေတာ မြင်လိုက် ခန္ဓာကိုယ်ကြီး အနာဆွေးအနာဟောင်းပိုးလောက်တွေ စားနေတာမြင်လိုက်၊ အဲဒီလိုမြင်နေတယ်။

ဩော်–ကြည့်စမ်း အခုနတုံးက အမြဲပြောင်းလဲပြီးနေတယ်၊ ပျက်စီးတော့အသုဘဘရား အခုလဲပုတ်လာတဲ့ သဘောကနေပြီး တော့ ပွလာတဲ့သဘော၊ ပွလာတဲ့သဘောကနေပြီးတော့ ယိုစီး လာတဲ့ သဘော၊ ယိုစီးလာတဲ့ သဘောကနေပြီးတော့ ရေမြှုတ် ရေစိုင်ခဲကြီးလို ဆူပွက်လာတဲ့သဘော၊ ရေမြှုတ် ရေစိုင်ခဲကြီးက

WWW.DHAMMARANSI.COM



ဆူပွက်လာတဲ့ သဘောကနေပြီးတော့ ပိုးလောက်တွေစားနေတဲ့ သဘော၊ ပိုးမျိုး(၈၀) ခန္ဓာကိုယ်ကို စားနေတဲ့သဘော။

**ဆရာဝန်တွေကတော့ ဓါတ်မှန်နဲ့ကြည့်တယ်၊ အရိယာ သူတော်ကောင်းများကတော့ ဝိပဿနာ တရားအားထုတ်တဲ့ သူတော်ကောင်းများကတော့ သမာဓိမှန်ပြောင်းနဲ့ကြည့်တယ်၊ပိုးတွေအသဲထဲမှာ ဘယ်လိုရှိသလဲ၊ အဆုတ်ထဲမှာ ပိုးဘယ်လောက်ရှိသလဲ၊အူထဲမှာ ပိုးဘယ်လောက်ရှိသလဲ၊ မျက်စေ့ ထဲမှာ ပိုးဘယ်လောက်ရှိသလဲ၊ နှာခေါင်း ထဲမှာ ပိုးဘယ်လောက် ရှိသလဲ၊ ပါးစပ်တဲမှာ ပိုးဘယ် လောက်ရှိသလဲ၊ လျှာမှာ ပိုးဘယ်လောက်ရှိသလဲ၊ အကုန်လုံးပိုးတွေဘဲရှိတယ်၊ အကုန်လုံးပိုးကြီးဘဲ၊**

တခါထဲမြင်တော့တာဘဲ၊ဪ–ခန္ဓာကိုယ်အိမ်ကြီးဟာခန္ဓာ ကောင်းမှမဟုတ်ပါလား၊ ပိုးမျိုး (၈၀)တွေစားနေတဲ့ ပိုးကောင် တို့တည်ရာဌာနကြီးဘဲ၊ ပိုးကောင်တို့ လောကကြီးဘဲ၊ ပိုးကောင် တွေစားသောက်နေတဲ့ ခန္ဓာကိုလို့ သိလာတယ်။

အဲဒီတော့မှ ဒကာကြီးမြင်လိုက်တဲ့ အချိန်အခါမှာ မြေးညှင်းမွေး ပေါက်ထဲက ဆီချက်အိုးကြီးများဆူတက်လာသလို ဗျစ်-ဗျစ်-ဗျစ်

WWW.DHAMMARANSI.COM



နဲ့ ဆူပွက်ပြီးလာပြန်ပြီ၊ ချုပ်သွားပြန်ပြီ၊ ပြီးဆိုပြီး ပွပြီးတော့ တခါထဲ အပုတ်ရေတွေ စီးပြီးတော့ ချုပ်သွား ပြန်ပြီး၊ ခန္ဓာ ကိုယ်ကြီးအနာဆွေး အနာဟောင်းများ ပိုးလောက်တွေ တဗျစ်ဗျစ်စားသောက်နေတာတွေ ဖြစ်လာပြီး ချုပ်သွားပြန်တယ် တဖြေးဖြေးမဲပြီး ခြောက်ပြီးတော့ မီးပန်းများ လွှတ်လိုက်သလို ဖွားဖွား-- ဖွားဖွား လောင်ကျွမ်းပြီးတော့ ချုပ်သွား ပြန်တယ်၊ အရိုးစုကြီးဖြစ်လာပြီး ချုပ်သွားပြန်တယ်၊ အဲဒီတော့ အသုဘ တရားဟာ အရိုးစုကြီးဖြစ်လာလိုက်၊ ရေမြှုပ် ရေစိုင်ခဲကြီး ဆူပွက်လာလိုက်၊ မဲခြောက်ပြီးတော့ မီးတွေလောင်ကျွမ်းလာလိုက် အနာဆွေး အနာဟောင်းကြီးများလို ပိုးလောက်တွေ တဗျစ်ဗျစ် စားသောက်နေတာ မြင်နေလိုက်၊ အမြင်ခေတ်ကြီးရပါရော အမြင်ခေတ်ကြီးရတော့ လောကကြီး ကြည့်လိုက်တယ် တကာကြီးရဲ့ ကိုယ့်ခန္ဓာကိုယ် မြင်လာတယ်။

ကိုယ့်ခန္ဓာ ကိုယ်မြင်တော့ တကာမတွေ ရှောက်ကြည့်တယ် လက်ဦးက အထင်သဘော ကတာတကာမတွေဗိုက်ထဲထိ ကြည့်လိုက်မယ်၊ ဗိုက်ထဲကြည့်လိုက်တော့ပိုးတွေ ဘာတွေများ စားထားသလဲ ကြည့်လိုက်တော့ ခြော်-- သူ ဆိတ်ကလီစာလေးစား လာတယ်၊ ခြော်-- လဘက်လဲစားလာတယ်၊ အူထဲအကုန် မြင်ရတယ်။

"သမ္မာဒိဋ္ဌိ ဓမ္မစက်ခုံကြီးပွင့်လာတယ်၊ မြင်ပြီတကာကြီးရဲ့ သမာဓိရှိမှုမြင်တာ သမာဓိမရှိတဲ့ပုဂ္ဂိုလ်မြင်ပါ့မလား၊ ဘုရားက

WWW.DHAMMARANSI.COM



ပဟာဒထားဟာအမှန် လုပ်ကြည့်တွေ့မယ်၊ မလုပ်လို့ရှိရင် ဘယ်တော့မှမရဘူး”

ရုပ်မလားတကာကြီးရဲ့ အပြောသမားက ရုပ်မလား၊ ငါ သိပြီလို့များမထင်နဲ့နော်— သိပြီလိုထင်တဲ့သူဟာ ကိလေသာ သေသလားဆိုတော့ မသေဘူး၊ ဘာသေမလဲ သူလုပ်မှမလုပ်ဘဲ လုပ်ကြည့်ရင် တွေ့လိမ့်မယ်၊ လုပ်ကြည့်ပါ လုပ်ကြည့်ရင် တွေ့လာတယ်၊ လုပ်ကြည့်တော့တွေ့လို့ရှိရင် အမြင်ပေါ်မှာ ငါကိလေသာ မကြည့်ချင်တဲ့စိတ် ဘယ်လိုဖြစ်နေသလဲ အသံပေါ်မှာ ဘယ်စိတ်ဖြစ်နေသလဲ၊ အနံ့ပေါ်မှာဘယ်စိတ်ဖြစ်နေသလဲ ရသာစားတဲ့အခါ ဘယ်စိတ်ဖြစ်နေသလဲ အတွေ့ထိခိုက်မှာ ဘယ်စိတ်ဖြစ်နေသလဲ၊ ဓမ္မသိခိုက်မှာ ဘယ်စိတ်ဖြစ်နေသလဲ၊ အဲဒီစိတ်ကို စစ်ပါ စိတ်စစ်ကြည့်ရင် သိပါလိမ့်မယ်။

အဲဒီတော့- တလောကလုံး ကိုယ်ခန္ဓာကိုယ်ကြီး သူ့ထက်ငါ လူ့တက်ပြီးတော့ အမြဲပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဓာတ်ကြီး ၄-ပါး၏ သဘောတရားတွေဟာ ဖေါင်းကားပြီး ယိုကျလာလိုက်၊ မဲချောက်ပြီးတော့ မီးတွေလောင်ကျွမ်းလာလိုက်၊ ဆီချက်အိုးကြီးများလို ဆူပွက်ပြီးတော့ ဖြစ်လာလိုက်၊ အရိုးစုကြီးဖြစ်လာလိုက်၊ ဓာတ်ကြီး ၄-ပါး သူ့ထက်ငါ လူ့တက်ပြီးတော့ အမြင်ဓာတ်ရပြီ၊ အသုဘတရားအမြင်ဉာဏ်ရပြီ၊ ကိုယ့်ခန္ဓာကိုယ်ကြီး ပုံပျက်တော့ ကိုယ့်ခန္ဓာကိုယ်ကြီး မလိုချင်တော့ဘူး၊ မျက်စေ့ကြီးကလဲ ယိုကျနေ

WWW.DHAMMARANSI.COM



ပြီ လျှာပေါက်ကလဲ ထွက်နေပြီ၊ ဗိုက်ကြီးကလဲ ဖေါင်းနေပြီ၊ ခန္ဓာကိုယ်ကြီး လောက်တွေ တဖွားဖွားစားနေသလို မြင်နေရပြီ အဲဒီလို ကိုယ့်ခန္ဓာကို မြင်လိုက်တဲ့အချိန်အခါ တကာမတွေ့ကြည့် လိုက်တဲ့အချိန်မှာလဲ လောက်တဖွားဖွားစားနေပြီ၊ အဲဒီတော့မှ အမြင်စင်ကြယ်ပြီ။

ဩော်-- ငါအတိတ်က မိန်းမရယ်လို့ ငါထင်နေတဲ့ သဘော ဟာ အကုန်လုံးဟာဖြင့် အမြင်ဉာဏ်ရပြီးတော့ မိန်းမကို ရှု လာပြီ ကိုယ့်ခန္ဓာကိုယ်လဲရှုလာပြီ ကိုယ့်ခန္ဓာကိုလဲကြည့်ရတော ကြောက်လာပြီ အဲဒီတော့ တကာကြီး လက်ဦးတုန်း ကတော့ အကောင်းထင်နေတယ်။

"လက်ဦးတုန်းက သုဘထင်နေတယ်၊ အခုတော့ အသုဘ မြင်ပြီ၊ မတင့်တယ်တဲ့တရားကြီးမြင်ပြီ၊ တင့်တယ်တဲ့ တရားကြီး ကိုယ့်ခန္ဓာကိုယ်မြင်တော့ သူများခန္ဓာလဲ မြင်တယ်၊ အသုဘ လက္ခဏာအမြင်ဉာဏ်ကြီးရပြီ၊ အထင်သဘောကနေပြီး အမြင် သဘောကို ကူးသွားပြီ။

ကူးသွားတဲ့ အချိန်အခါ ဩော်-- ကိုယ့်ခန္ဓာကိုယ် ပုပ်ပျက် တော့ သူများခန္ဓာတွေလဲ ပုပ်ပျက်ပြီဒကာကြီး၊ ဒါကြောင့်မို့လို့ ရှေးဆရာတော်များ ဟောတယ်၊ ဘယ်လိုဟောသလဲ ကိုယ့်ခန္ဓာ ကိုယ် ပုပ်ပျက်မှ သူများခန္ဓာပုပ်ပျက်တာ၊ ကိုယ့်ခန္ဓာကို ကောင်းရင် သူများခန္ဓာလဲ ကောင်းတယ်။ အခု ဦးဝင်းမြင့် ကိုယ့် ခန္ဓာကို

WWW.DHAMMARANSI.COM



ချောတယ်လို့ထင်မနေဘူးလား၊ ကိုယ့်ခန္ဓာကိုယ် ချောတာမြင်တော့ သူများခန္ဓာလဲ ချောတာမြင်လိမ့်မယ်၊ ကိုယ့်ခန္ဓာလက်ကိုမြင်တော့ သူများခန္ဓာလက်ကိုမြင်လိမ့်မယ်၊ ကိုယ့်ခန္ဓာခါးကိုမြင်တော့ သူများခန္ဓာခါးကိုမြင်လိမ့်မယ်၊ ကိုယ့်ခန္ဓာ အပုတ်ကြီးမြင်တော့ သူများခန္ဓာလဲ အပုတ်ကြီးမြင်လိမ့်မယ်။ ဒါကြောင့် မို့လို—

"ပုံပျက်တော့မစုံမက်မတာတွယ်၊ ကိုယ့်ခန္ဓာကိုယ်ပုံပျက်လာတော့ ကိုယ့်ခန္ဓာကိုယ်မှာ မလိုချင် မတာတွယ်၊ မနှစ်သက်တော့ တကာမ ကိုလဲ လိုချင် တာတွယ် နှစ်သက်ပါအုံးမလား၊ ကိုယ့်ခန္ဓာကိုယ်ပုံပျက်တော့ တကာမခန္ဓာလဲ ပုံပျက်တယ်"

ကိုယ့်ခန္ဓာကို အပုတ်ကြီးရယ်လို့ စိတ်ကမြင်နေတော့ တကာမလဲ စိတ်ကမြင်နေပြီ၊ ပုံပျက်နေပြီ ကိုယ့်ခန္ဓာကိုယ်အရိုးစုကြီးမြင်နေတော့ တကာမလဲ အရိုးစုကြီးမြင်နေပြီ၊ တကာမရယ်လို့မရှိတော့ဘူး၊ တကာမရယ်လို့ ချောတာလဲမရှိ၊ လှတာလဲမရှိ၊ ဝတာလဲမရှိ၊ ဖြူတာလဲမရှိ၊ အသုဘ အရိုးစုကြီးသာ မြင်တယ်၊ တကာကြီးကိုယ်ခန္ဓာကိုယ်ဟာ အရိုးစုကြီးဖြစ်နေတော့ တကာမကျပြန်တော့လဲ အရိုးစုကြီး၊ ကိုယ့် ခန္ဓာကိုယ် ပုတ်ပွပြီးတော့ ၁၀-ရက် ၁၅-ရက်ထားတဲ့မသာကြီးလို ပုတ်ပွတယ်လို့ စိတ်ကမြင်နေပြီ၊ ဒါကြီးက ပုတ်တာမဟုတ်ဘူး၊ အသုဘလက္ခဏာပေါ်နေတာ၊ သဘောပေါ်နေတာ၊ ကိုယ်ကပုတ်တာမဟုတ်ဘူး၊ စိတ်ကပုတ်တာ၊ စိတ်ကပျက်တာ၊ စိတ်ကအကြောင်း၊ ရုပ်ကအကျိုး၊

WWW.DHAMMARANSI.COM



အကြောင်း အကျိုး အခုဟာက အကောင်းစိတ်ဖြစ်လို့ ဗဟိဒ္ဓ အကောင်းဖြစ်တာ၊ အသုဘစိတ်ဖြစ်တော့ ဗဟိဒ္ဓလဲ အသုဘ အကျိုးတရားပေါ်လာတယ်။

"စိတ်–စိတ်–စိတ်–စိတ်ကို ဖျက်ပြစ်လိုက်တာ"

အဲဒီတော့ ကိုယ့်ခန္ဓာကိုယ် တခါထဲ အသုဘ မြင်နေတော့ ကလေးကလုံး တကာကြီး အသုဘချည်းဘဲ၊ ခွေးမြင်လဲ အသုဘ တခါထဲပုတ်ပွပြီးတော့ မကြည့်ဝံ့ မနာသာ ရှောက်ကြည့်လိုက်တယ်။ ကိုယ့်ခန္ဓာကိုယ် ကြည့်ပြန်တော့လဲ မကြည့်ဝန့် မနာသာ တကာမတွေ ကြည့်လိုက် ပြန်တော့လဲ မကြည့်ဝန့် တော့ဘူး။ အဆင်းလေးတွေ ကြည့်လိုက်ပြန်တော့လဲ မကြည့်ဝန့်တော့ဘူး၊ အင်မတန်တင့်တယ်တဲ့ကော်ဇောတွေ လိုချင်တတ်မက်တဲ့ တရားတွေကို ကြည့်လိုက်ပြန်တော့လဲ ပုတ်ပွပြီးတော့ မကြည့်ဝန့်မနာသာ မလိုချင်တော့ဘူး၊ မြင်ရတဲ့ဒစ္စာကို လက်ဦးတုံးကတော့ဘယ်လိုဖြစ်နေသလဲ၊ တင့်တယ်တဲ့တရား၊အခုတော့မတင့်တယ်တဲ့တရား မြင်နေတော့ ပုတ်တာကြီး၊ ပွတာကြီးမြင်တော့ ဝေဒနာဖြစ်လာတယ်၊ မကြည့်ချင်တဲ့စိတ်ဖြစ်လာတယ်၊ မကြည့်ချင်တဲ့စိတ်ဖြစ်နေတော့ တကာကြီးမျက်စေ့ပေါက်ကနေပြီး နေ့လဲမအိပ်ရ၊ ညလဲ မအိပ်ရ ဖြစ်လာဝယ်၊ စိတ်ကိုက အသုဘစိတ်၊ အသုဘစိတ်ဖြစ်လာတော့ မြင်လိုက်တာလဲ အသုဘ၊ ကြားလိုက်တာလဲ အသုဘ၊ နံလိုက်တာလဲအသုဘ၊ ပုံပျက်တာကြီးတွေ မြင်နေတာဘဲ၊ တခါထဲ အိပ်လို့ မရအိပ်ရဘူး၊ သမာဓိကလဲအားကြီးကောင်း၊ စိတ်က

WWW.DHAMMARANSI.COM



လဲ အသုဘစိတ်ကိုး၊ အသုဘသဘောတရားတည်တော့ အမြင်စင်ကျယ်လာတယ်။

ဘုရားဟောထားတာကလဲ တကာကြီးရဲ့ ကာယသတိပဋ္ဌာန် ကာယနုဂဿနာ၊ ဝေဒနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ၊ စိတ္တသတိပဋ္ဌာန် စိတ္တနုပဿနာ၊ ဓမ္မာသတိပဋ္ဌာန် ဓမ္မာနုပဿနာ၊ သတိပဋ္ဌာန်တရား ၄ ပါး ကနဦးတုံးကအသုဘ၏လက္ခဏာ ပြောင်းလွှဲမမြဲတဲ့တရား၊ ပြောင်းလွှဲပြီးတော့ ပျက်နေတဲ့ သဘောတရား၊ အသုဘတရားဆိုတာ အသုဘမြင်လိုက်ပြီ၊ အသုဘမြင်လိုက်တာက ကာယသတိ၊ ကာယနုပဿနာ၊ အခုအမြင်ဉာဏ်ကြီး ရလာတဲ့ မကြည့်ချန်တဲ့စိတ်ဖြစ်လာပြီ၊ မကြည့်ချင်တဲ့စိတ်ဟာ သုခဝေဒနာ မခံစားနိုင်တော့ဘူး၊ ဒုက္ခဝေဒနာဖြစ်သွားပြီ၊ ဒုက္ခဝေဒနာဖြစ်လာတော့ မကြည့်ချင်တဲ့စိတ်ဖြစ်သွားပြီ၊ လက်ဦးတုံးကတော့ မြင်ရတဲ့ဥစ္စာ ကြည့်ချင်တဲ့စိတ်ဟာ သာယာခဲ့တယ်၊ နှစ်သက်တယ်၊ တကာမလေးမြင်လိုက်ပြီဆိုလို့ရှိရင် အင်မတန် သာယာတယ်၊ နှစ်သက်တယ်၊ အခု တကာမမြင်တော့လဲ မကြည့်ချင်တော့ဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြီးမစုံမက်တော့ တကာမလဲမစုံမက်တော့ဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြီး ကြောက်တော့ တကာမလဲ ကြောက်ပြီ၊ ကိုယ့်ခန္ဓာကိုယ်ကြီးရွံလာတော့ တကာမခန္ဓာလဲ ရွံလာပြီ၊ ကိုယ့်ခန္ဓာကိုယ်ကြီး ဘီလူးလိုမြင်တော့ တကာမတွေ ဘီးလူးဖြစ်ကုန်ပြီ၊ တကာမမြင်ရင် ပြေးချင်ပြီ၊ ဟိုကလိုက်ပြီ၊ အပုတ်ကြီးကဖက်တော့ တကာကြီးမပြေးချင်ဘူးလား၊ မပြေးချင်လဲနေပေါ့၊ အဲဒီတော့အရိယာများက မြင်နေတာက အပုတ်

WWW.DHAMMARANSI.COM



မြင်နေတာ၊ မတင့်တယ်တာကြီးမြင်နေတာ၊ ပုထုဇဉ်ကတင့်တယ်တာမြင်တာ။

အဲဒီတော့ အပုတ်ကြီးမြင်တော့ ရှုံ့တယ်၊ တကာမလဲမရှိဘူး၊ တကာလဲမရှိဘူး၊ အသုဘအပုတ်ကြီး၊ တကာလဲအပုတ်၊ တကာမလဲအပုတ်၊ ခေါ်ခေါ်သမုတ်ရတယ်၊ လက္ခဏာမြင်နေတော့ ရှုံ့တယ်၊ နေ့လဲမအိပ်ရ၊ ညလဲမအိပ်ရ၊ တကာမလဲမကြည့်ချင်ဘူး၊ ကိုယ့်ခန္ဓာကိုယ်လဲ မလိုချင်ဘူး၊ ဦးပဥ္စင်း အတိတ်ကသာတုံးက ကမ္မာရွှတ်မှာ တကာမတယောက် တောမှာ ကရင်မ တကာမတယောက်ရှိတယ်၊ ရှမ်းမတယောက် ကရင်မတယောက် တရားစင်ပေါ်ကနေပြီးတော့ ကိုယ့်တကာမတော့ နည်းနည်း သက်သာအုံးမလားလို့ ဆင်ခြင်တယ်၊ နဂိုရ်ကကိုယ့်တကာမကိုး နှစ်သက်နေတာကိုး၊ နှစ်သက်နေတော့ သူများတွေတော့ ပျက်ကုန်ပြီ၊ ကိုယ့်ခန္ဓာလဲပျက်ပြီ၊ ကိုယ့်တကာမများကောင်းသေးသလားလို့ ကမ္မာရွှတ်ကိုစိတ်နဲ့ လှမ်းပြီးကြည့်လိုက်တော့ အမယ်လေးမကြည့်ဝန့်တော့ဘူး၊ စက်ဆုတ်ပြီးရှုံ့စရာကြီးဖြစ်နေတယ်၊ ပျက်နေတယ်၊ တကာမနှား ကပ်ဘုံ နေနေသာသာ မြင်ရတာတောင် စိတ်မကောင်းဘူး။

တကာမကိုလက်ဦးတုန်းကတော့ ချောတယ်၊လှတယ်၊ တေယ်ဆိုတာကိုမြင်နေတယ်၊ အခုတော့တကာမ လှမ်းကြည့်လိုက်တော့ တကာမကြီးမြင်တော့ဘူး ပြေးချင်တာဘဲ၊ ဘီလူးထင်သွားတယ်လက်ဦးတုန်းကတော့ ကောင်းတယ်လို့တင်နေတယ်၊ အခုတော့မထင်ရဲတော့ဘူး၊ အခု မျက်စေ့က နေပြီးတော့ တကာမကို

WWW.DHAMMARANSI.COM



ကြည့်ချင်တဲ့စိတ်၊ မကြည့်ချင်တဲ့စိတ် ဒေါသကို ဖြစ်သွားတယ်၊ ဒေါသဖြစ်သွားတော့ တကာကြီးမျက်စေ့ကလဲ ဒေါသမကြည့်ချင်တဲ့စိတ်ဖြစ်တယ်၊ မကြားချင်စိတ်ဖြစ်သွားပြီ၊ မျက်စေ့ကနေပြီးတော့ သုခကိုမခံစားနိုင်တော့လို့ မြင်တဲ့အချိန်အခါ အတိတ်ကာလတုန်းကမြင်လိုက်တဲ့အပေါ်မှာ အဆင်းပေါ်မှာ သုခခံစားတယ်၊ သာယာတာလေးခံစားတယ်၊ အခုသာယာတာလေး မခံစားနိုင်တော့ဘူး၊ မကြည့်ချင်တဲ့စိတ် မြင်တဲ့ပေါ်မှာ ဒေါသဖြစ်သွားပြီ၊ မကြည့်ချင်တဲ့စိတ်ဟာလဲ ဒေါသဘဲမဟုတ်လား၊ အဲဒီတော့ မကြည့်ချင်တဲ့စိတ်သုခတော့လွှတ်သွားပြီ၊ ဒုက္ခဝေဒနာဖြစ်နေတယ်၊သုခဝေဒနာက ဒုက္ခဝေဒနာဖြစ်နေတယ်၊ အဲဒီတော့မြင်တဲ့ပေါ်မှာ ကိလေသာခေါင်းပါးမနေဘူးလား၊ပညတ်တော့စင်သေးသလားတဲ့၊ ဃနပညတ်ကြီး သဏ္ဌာနပယ်လိုက်ပြီ၊ ရှိသေးသလား၊ သဏ္ဌာနအကြောင်းမြင်သေးသလား၊ လက်ရယ်၊ ခြေရယ်၊ ကိုယ်ရယ်၊ ဝတယ်ဆိုတာရှိသေးသလား၊ သဏ္ဌာနမရှိတော့ဘူး၊ သဏ္ဌာနပညတ်ကိုပယ်လိုက်ပြီ၊ဘယ်ပညတ်ကျန်သလဲ ဃနပညတ်ကျန်တယ်၊ သောတာပန်က ခေါ်ဝေါ်သမုတ်တဲ့ အဝိဇ္ဇာပညတ်၊ သကဒါဂါမ်ဉာဏ်က သဏ္ဌာနပညတ်ပယ်လိုက်ပြီ၊ ဘာပညတ်ကျန်သလဲ ဝိဇ္ဇာပညတ်ကျန်တယ်၊ အပုတ်ကြီး အသိုးကြီး ဘဲလို့ အဲဒီလိုမြင်နေပြီ၊ ဃနပညတ်ကျန်တယ်၊ သဏ္ဌာနပယ်လိုက်ပြီ၊ ကာမကိလေသာခေါင်းပါးသွားပြီ။

မျက်စေ့ကလဲခေါင်းပါးသွားပြီ၊ မကြည့်ချင်တဲ့ စိတ်ဒေါသဖြစ်တယ်၊ နားနဲ့အသံနဲ့ကြားလိုက်တဲ့အချိန်အခါမှာလဲ သုခဝေဒ

WWW.DHAMMARANSI.COM



နာကို ဒုက္ခဝေဒနာဖြစ်သွားပြီ၊ နှာခေါင်းနဲ့ အနံ့နဲ့ထိမှန်သွားတဲ့ အချိန်အခါမှာလဲ သုခဝေဒနာကို ဒုက္ခဝေဒနာဖြစ်သွားပြီ၊ လျှာနဲ့ရသာနဲ့စားလိုက်တဲ့အချိန်အခါမှာ သုခဝေဒနာမခံစားနိုင်တော့ဘူး၊ ဒုက္ခဝေဒနာဖြစ်သွားပြီ၊ ကိုယ်နဲ့အတွေ့ထိမှန်လိုက်တဲ့အချိန်အခါမှာလဲ သုခဝေဒနာ မခံစားနိုင်တော့ဘူး၊ ဒုက္ခဝေဒနာဖြစ်သွားပြီ၊ မနောနဲ့ဓမ္မနဲ့ ပေါင်းဆုံလိုက်တဲ့အချိန်အခါမှာလဲ သုခဝေဒနာမခံစားနိုင်တော့ဘူး ဒုက္ခဝေဒနာကြီးဖြစ်သွားပြီ၊ အမြင်ဉာဏ်ကြီး၊ အမြင်စင်ကျယ်တော့ စိတ်စင်ကျယ်တယ်၊ တကာကြီးမျက်စေ့ကနေပြီး အသုဘအပုတ်ကြီး မြင်နေတော့ အဲဒီအပုတ်ကြီးပေါ်မှာ ရာဂစိတ်ဖြစ်ပါအုံးမလား၊ ပညတ်တော့ မစင်သေးဘူး တကာကြီးရေ၊ ကာမကိလေသာမပါယ်သေးဘူး၊ ပညတ်မစင်သေးတော့ အဲဒီပေါ်မှာကိလေသာခေါင်းပါးသွားတယ်၊ မြင်တာကိုး၊ မြင်ရတဲ့ဉစ္စာလဲ သုခကို ဒုက္ခဝေဒနာဖြစ်သွားပြီ၊ ဒုက္ခဝေဒနာဖြစ်နေပြီ။

ဒါကြောင့်မို့လို့ သောတာပန်က ကာယသတိပဋ္ဌာန် ကာယာနုပဿနာ၊ သကဒါဂါမ်သဏ္ဍာနပါယ်လိုက်တော့ ဿနုပညတ်ကြီးမြင်နေတော့ မကြည့်ချင်တဲ့ သုခဝေဒနာ မခံစားနိုင်တော့ ဒုက္ခဝေဒနာဖြစ်နေပြီ၊ မြင်တာလဲဒုက္ခဝေဒနာ၊ ကြားတာလဲဒုက္ခဝေဒနာ၊ နံတာလဲဒုက္ခဝေဒနာ၊ စားလိုက်တာလဲ ဒုက္ခဝေဒနာ၊ ထိလိုက်တာလဲ ဒုက္ခဝေဒနာ၊ သိလိုက်တာလဲဒုက္ခဝေဒနာ၊ ယိုတာလဲ ဒုက္ခဝေဒနာ၊ ပေါက်ရပြန်တာလဲ ဒုက္ခဝေဒနာ၊ ထိုင်ရတာလဲ ဒုက္ခဝေဒနာ၊ လှမ်းသွားပြန်တာလဲဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာဖြစ်မနေ

ဘူးလား၊ အဲဒါကြောင့်မို့လို့ **ကာယ**သတိပဋ္ဌာန်**ကာ**ယနုပဿနာ သောတာပန် သကဒါဂါမ်များကတော့ မျက်စေ့နဲ့ မြင်လိုက်တဲ့ အခါ သုခမခံစားနိုင်တော့ဘူး၊ ဒုက္ခဝေဒနာဖြစ်လို့ ဝေဒနာသတိ ပဋ္ဌာန် ဝေဒနာနုပဿနာ၊ မြင်တာလဲဝေဒနာ၊ ကြားတာလဲဒုက္ခ ဝေဒနာ၊ နံတာလဲဒုက္ခဝေဒနာ၊ မြင်လိုက်တာက ဒုက္ခဝေဒနာ၊ မကြည့်ချင်တဲ့စိတ်ဖြစ်ပြီး ချုပ်သွားတာဘဲ၊ ဝေဒနာနုပဿနာဘဲ၊ တံခါး ၆-ပေါက်က သကဒါဂါမ်များ ဝေဒနာသတိ၊ ဝေဒနာ နုပဿနာ၊ အသံကြားလိုက်တာကလဲ ဝေဒနာသတိ၊ ဝေဒနာ နုပဿနာ၊ ဒုက္ခဝေဒနာဘဲသိတယ်၊ ဝေဒနာတလုံးထဲတည်သွား ပြီ၊ အဲဒီတော့ မြင်တဲ့ပေါ်မှာ အမြင်စင်ကြယ် သွားပြီ၊ ကာမ ကိလေသာခေါင်းပါးသွားပြီ။

မျက်စေ့နဲ့မြင်တော့ အမြင်စင်ကြယ်တယ်၊ ဘုရားက ဟော ထားတာလဲ စက္ခုံ ဥဒပါဒိ၊ ဓမ္မစက္ခုကြီး ပွင့်မနေဘူးလား၊ မြင် တဲ့ပေါ်မှာတကာကြီး မိန်းမ- ယောကျ်ားရယ်လို့ မြင်တော့တာ မဟုတ်ဘူး၊ သူ့စိတ်နဲ့မနောဒွါရစိတ်ကမြင်တာ၊ အသုစိတ်ဖြစ်နေ တာ အသုဘစိတ်ကြီးဖြစ်နေတော့ အသုဘသဘောကြီး၊လက္ခဏာ ကြီးပေါ်နေတာ အဲ—အခုလိုကြည့်လိုက်တာ တကာကြီးက ပုတ် တာမဟုတ်ဘူး၊ ဒီစိတ်ကပုတ်တော့ ဟိုမှာသဘောကြီး ပေါ်နေ တော့ လက္ခဏာပေါ်နေတာ၊ အဲဒါပရမတ်လား၊ ပညတ်လား၊ တချို့က ပညတ်လို့ ပြောလို့၊ ဒီစိတ်က အသုဘစိတ်၊ အသုဘ စိတ်အကြောင်းတရားကြောင့်၊ အကျိုးတရား အသုဘသဘော တရား လက္ခဏာကြီး ပေါ်နေတာ၊ အဲဒါအသုဘ အသုဘတဲ့၊

WWW.DHAMMARANSI.COM



ရန်ကုန်မြို့က အသုဘဆိုတဲ့ဥစ္စာက ပြောတာကအသုဘ၊ တရားပညာတ်၊ စိတ်ကိုက အသုဘဖြစ်နေလို့ **ဦးဝင်းမြင့် ရုပ်ကြီးကပျက်နေလို့ စိတ်ပျက်နေလို့ ဦးဝင်းမြင့်အသုဘ လက္ခဏာကြီးပေါ်နေတာ၊ သဘော ပေါ်နေတာ၊ ဒါပျက်တာမဟုတ်ဘူး၊ သဘော ပေါ်နေတာ၊ ပညတ်လား ပရမတ်လား ပရမတ် အဲဒါ တချို့က သမထကြီး, သမထကြီး, သမထကြီးကိုယ်ကတော့ဝိပဿနာလိုလို တချို့ကလဲ တကာကြီးရဲ့ အဲ့ တလောကလုံး မြင်နေတဲ့ဥစ္စာကြီး တကာကြီး အသုဘဖြစ်နေတော့ တလောကလုံး အသုဘ သဘောတရား လက္ခဏာ ပေါ်နေရမယ်၊** အဲဒီတော့ တလောကလုံး မြင်ရတဲ့အချိန်အခါမှာ မြင်တာလဲအသုဘ၊ ပုံပျက်တဲ့တရားကြီး သဘောကို မြင်နေပြီ၊ နှလုံးသွင်းဘို့မလိုတော့ဘူး၊ မြင်တာလဲ အပုတ်ကြီးတွေ၊ အရိုးစုကြီးတွေ ဒါဘဲမြင်တော့ ဃနပညာတ်ကြီးမြင်ပြီ၊ သဏ္ဌာနပညာတ်ပါယ်လိုက်ပြီ၊ သဏ္ဌာနပညာတ်ပါယ်တော့ ကိလေသာတွေ ခေါင်းပါးတယ်၊ ကာမကိလေသာတော့ ပါယ်မလားတဲ့ မပါယ်သေးဘူး။

အရေးအကြီးဆုံးအချက်ကတော့ တကာမကြီးတွေ တကာကြီးတွေ **အသုဘတရားဆိုတဲ့ဥစ္စာက စရိုက်အမျိုးမျိုးနဲ့ တိုက်ဆိုင်တယ်၊ လောဘ စရိုက် ဒေါသ**

WWW.DHAMMARANSI.COM



စရိုက်၊ မောဟစရိုက်၊ မာနစရိုက်၊ အဲ့ဒီစရိုက်တွေနဲ့ အကုန်သင့်တော်တဲ့ တရား၊ အခု ပုဂ္ဂိုလ်တွေဟာ လောဘအင်မတန်ကြီးတယ် မဟုတ်လား၊ လောဘကလဲအင်မတန်ကြီးတယ်၊ ဒေါသကလဲ အင်မတန်ကြီးတယ်၊ တဏှာကြီးတွေကလဲ ဘိုကေလေးခွဲပြီးတော့ ပိုက်ဆံ ပေးပြီးတော့ ဆံပင် ကောက်ချင်ကောက်တယ်၊ ကိုယ့်ကိုကိုယ် အင်မတန်တွယ်တာတယ် တဏှာကြီးရဲ့၊ တဏှာမကြီးတွေ ကလဲ အင်မတန် ရုပ်ကို ပြုပြင်နေတာ၊ ဒီရုပ် ပြုပြင်လို့ ဒီရုပ်ကလဲ မြဲသလား၊ မမြဲဘူး၊ တော်တော်ကြာ ပျက်မှာဘဲ၊ တော်ကြာလိမ်းရပြန်ပြီ၊ တော်ကြာ လုပ်ရ ပြန်ပြီ၊ မြဲသလား၊ မမြဲဘူး၊ အဲဒီတော့ တဏှာမကြီးတွေကလဲ ရုပ်ကို ပြုပြင်တယ်၊ ရုပ်ကို ပြုပြင်တယ် ရုပ်ကမမြဲ အသုဘကြီး၊ အဲဒီတော့ အရိယာများက ဟိုမှာကြည့်လိုက်တဲ့ ဆိုထဲက အသုဘတရားကြီးကို သကဒါဂါမ်များက မြင်နေတဲ့ ဥစ္စာ ပုံပျက်ပြီး မြင်နေတာ၊ အသုဘ စိတ်ကြီးကို မြင်နေတော့ တလောကလုံး လျှောက်သွား နေတော့ တလောကလုံးလျှောက်သွားနေတာ အပုတ်ကြီးတွေအရိုးစုကြီးတွေ လျှောက်သွားနေတယ်။

WWW.DHAMMARANSI.COM



သိမ်ကြီးဈေး ရွှေဆိုင်ထိုင်နေတာ အရိုးစုကြီးတွေ၊ အာပေါဓါတ် မြင်တဲ့ပုဂ္ဂိုလ်ကလဲ အပုတ်ကြီးထိုင်နေတာ၊ တေဇောဓါတ် မြင်တဲ့ပုဂ္ဂိုလ်ကလဲ တလောကလုံး တေဇောဓါတ် လောင်ကျွမ်းနေတာဘဲ၊ သူက တေဇောဓာတ်နဲ့ ဝင်မှာကိုး၊ အာပေါဓါတ်နဲ့ မြင်တဲ့ပုဂ္ဂိုလ်ဟာ တလောကလုံး အပုပ်ကြီးဘဲ၊ ပထဝီမြင်တဲ့ ပုဂ္ဂိုလ်ကလဲဘဲ အရိုးကြီးဘဲ၊ အဲဒီလိုမြင်နေတော့ ဩော် တလောကလုံးဘာမှ မရှိပါလား၊ မြင်တဲ့ပေါ်မှာ ရွှေတိဂုံ ဘုရားကြီးတွေကြည့်လိုက်လဲ ပုတ်သိုးနေတာဘဲ၊ ပျက်စီးချို့ယွင်းပြီးတော့ အပုတ်ကြီးတွေ အဲဒီတော့မှ ကြည့်လိုက်တော့ တလောကလုံး ရေတွေကြည့်လိုက်လဲအပုတ်၊ မီးတွေကြည့်လိုက်လဲအပုတ်၊ သစ်ပင်တွေ ကြည့်လိုက်လဲ ပုတ်သိုးနေပြီ၊ ပျက်စီး ယိုယွင်းနေပြီ၊ ဩော်–တလောကလုံး ဘာရှိသလဲ အပုတ်အသိုးကြီး ပါလား၊ အဲ–ဒါကြီးကိုမြင်နေတော့မှ ကိလေသာခေါင်းပါးပြီ၊ ကိလေသာခေါင်းပါးသွားတော့ ဘာနဲ့တူသလဲ တကာကြီး အတိတ်ကာလတုံးက ငါးဆောင်းသမားလို လက်ဦးတုံးက အကောင်းမြင်နေတယ်၊ ဦးပဥ္စင်းရဲ့ဖြစ်ပုံနော်၊ အဲဒီလိုပုံပျက်ပြီး မြင်တော့မှ သိတ်ကြောက်ထာ၊ လောကကြီးက ရုံးထွက်ချင်တယ်၊ မနေချင်ဘူး၊ ဘာကြောင့်လဲတဲ့ ပုံပျက်ကြီးကိုး။

အဲဒီကြောက်ပုံကြောက်နည်းကလေး သိချင်သလား တကာကြီးရဲ့၊ တခါထဲလောကကြီးက ထွက်ပြေးချင်တာဘဲ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ အဲဒီတော့မှ မှိတ်ထားလဲမြင်ရတယ်၊ ဖွင့်ထားလဲမြင်နေရတယ်၊ စိတ်·စိတ်·စိတ်·စိတ်က မြင်တာ မျက်စေ့ကမြင်တာ

WWW.DHAMMARANSI.COM



မဟုတ်ဘူး၊ စိတ်ကမြင်တာ၊ အဲဒီတော့ ဒါကြီးကို စက်ဆုတ်ပြီ၊ မကြည့်ဝန့်တော့ဘူး၊ ဒီပုံပျက်ကြီးတွေမြင်တော့ ဘီလူးထင်လာတယ်၊ ဘီလူးထင်လာတော့ အဲဒီတော့ ဒါကြီးတွေလွတ်အောင်ပြေးချင်တယ်လွတ်အောင်ပြေးချင်တော့လဲရသလားတဲ့ ရှေ့တိုးလဲ တံပိုး၊ နောက်ဆုတ်လဲတပိုး၊ မှိတ်ထားလဲမြင်ရတာဘဲ၊ ငါနောက်ဆုတ်ရကောင်းမလား၊ နောက်ဆုတ်လဲ မှိတ်ထားလဲမြင်နေရတယ် မှိတ်ထား ပိုပြီးမြင်နေရတယ်၊ ဘယ်လိုများလုပ်ရပါ့မလဲ၊ ကိုယ့်ဟာကို စိတ်ဘယ်လိုလုပ်ပြီး သေရပါ့မလဲ၊ ရေထဲခုန်ချပြီး သေရကောင်းမလား၊ ဇွဲကြိုးချပြီးသေရကောင်းမလား၊ သေချင်တယ်၊ မချိမဆန့်ဖြစ်နေပြီ၊ ရုပ်ပျက်ကြီးမြင် အသုဘမြင်မှ ကြောက်တာကြောက်ပြီတကာကြီးရေ–ရုပ်ပျက်မြင်တော့ကြောက်ပြီ။

ကြောက်တော့ ဥပမာ ဘာနဲ့တူသလဲဆိုတော့ ငါးဆောင်းသမားကို လက်ဦးတော့ ငါးသွားဆောင်းတာဘဲ၊ ငါးသွားဆောင်းလိုက်တဲ့ အချိန်အခါကျတော့ ငါးလေးတွေ တိုးတော့ ကုန်းကုန်းပြီးနှိုက်လိုက်တော့ ငါးလေးတွေရတော့ ဝမ်းသာတာဘဲ၊ နောက်တခါ ငါးဆောင်းသမားက အင်းကိုဆောင်းသွားပြီးတဲ့ ဒယ်ပုတ်ကလေ မှာ ဆောင်းနှင့် အုပ် လိုက် တော့ ရေမြွေဟောက်ကြီးအုပ်မိတော့ ရေမြွေဟောက်ကြီး အုပ်မိလိုက်တဲ့အခါကျတော့ တကာကြီးရေ မြွေဟောက်ကြီးကတခါထဲတိုးတာကိုးဟာ–အကြီးကြီးဆိုတော့ ဖိဆောင်းထားတယ်၊ လက်ဦးတုံးက ဦးပဥ္စင်းတကာမတွေကို ချေါတယ်၊ လှူတယ် ထင်ပြီးတော့ ငါးဆောင်းသမားဟာ ငါးလေးတွေရတော့ ဝမ်းသာသလို အဲဒီ

WWW.DHAMMARANSI.COM



တော့ ဒယ်ပုတ်နားသွားပြီး ဆောင်းလိုက်တော့ ရေမြွေဟောက်ကြီးဆောင်းမိပါရော၊ ရေမြွေဟောက်ကြီးဆောင်းမိတော့ ဝမ်းသာတယ်လေ၊ဝမ်းသာအားရနဲ့ဆောင်းထဲကိုတခါထဲနှိုက်တဲ့အခါ မြွေဟောက်ကြီးလယ်ပင်းဆုတ်မိပါရော ဟာ=အကြီးကြီးဘဲ အိမ်ကို ငါ့သမီးလေးတွေနဲ့ ငါခြင့်ပွန်းသယ် တဝကြီးဘဲ စားမယ်ဆိုပြီး မြွေဟောက်ကြီးကိုငါးထင်နေတယ်၊လက်ဦးတုံး ကဦးပဍ္ဍင်းက တကာမချောတယ်ထင်နေတာ၊ အသုဘသဘောတရား လက္ခဏာမှမမြင်ဘဲနဲ့။

အဲဒီတော့ ဆောင်းထဲမှာ တကာကြီး ရေမြွေဟောက်ကြီး အုပ်မိသကဲ့သို့ ဆောင်းထဲနှိုက်လိုက်ရော လယ်ပင်း ဆုတ်ထားတာဘဲဟာ၊ ရေပေါ်မနှိုက်ခင်တော့ ငါတော့တဝကြီးစားရမယ်၊ ငါ့အိမ်ကျရင် တကာမတွေ သားသမီးတွေနဲ့ ဟဝကြီးစားရမှာဘဲ ဝမ်းသာနေတယ်၊ တခါထဲ ဆောင်းပေါက်က ဆွဲနှိုက်လိုက်ရော မြွေဟောက်ကြီးက ဘယ်လိုဖြင့်လာသလဲဆိုတော့ လျှာကြီးတစ်လစ်·တစ်လစ်ဖြစ်ပြီးတော့ လက်ကိုပတ်လိုက်ပါရော၊ ဟာ—ငါ့ကိုကိုက်မဲ့မြွေပါလား၊ အဲဒီတော့မှ မြွေဟောက်မှန်းသိတယ်၊ ဘေး တွေ့ရော၊ ငါ့ကိုကိုက်တော့မှာဘဲ၊ လက်ကိုပတ်ပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ဒီမြွေကို ဘယ်လိုလုပ်ရပါ့မလဲဆိုမတော့ မြွေကြီးကိုတခါထဲကြံတယ်၊ မြွေဘေးက လွှတ်ချင်ပြီ၊ တကာကြီးရဲ့၊ ရုပ်ပျက်ကြီးမြင်တော့မှ ကြောက်တာဆာကာကြီးရဲ့၊ ရုပ်ပျက်မမြင်တဲ့ ပုဂ္ဂိုလ်သဘောလေးနဲ့ ကြောက်ဘို့ ကိလေသာ ခေါင်းပါးဘို့ ဝေးပါသေး၊ ဘယ်တောမှ မရဘူး၊ ကိလေသာသေတဲ့တရား ဘယ်တော့

WWW.DHAMMARANSI.COM



မှမရဘူး၊ ကိလေသာသေတာကဘာလဲ၊ အသုတလက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်လက္ခဏာ၊ အသုဘလက္ခဏာ၊ ဒီလက္ခဏာမှ အဆုံးလက္ခဏာ၊ ဒီလက္ခဏာမသိတဲ့ ပုဂ္ဂိုလ်ဘာလဲတဲ့၊ ဘာကိလေသာခေါင်းပါးမလဲ၊ အခုကိလေသာခေါင်းပါးရုံဘဲရှိသေးတယ်။

မြေဟောက်ကြီးလယ်ပင်းဆုတ်နေပြီ၊ အဲဒီတော့ တကာကြီးဒီမြွေကြီးကို ဘယ်လိုသပ်ရပါ့မလဲ၊ အခုနေကြတယ်၊ ဒီမြွေကြီးငါအခုနေ့ လွှတ်လိုက်ပြန်တော့လဲ မြွေက တဘက်ကလာကဲပတ်ထားတယ်၊ လွှတ်လိုက်ရင် ငါ့ကိုကိုက်တော့မယ်၊ မြွေကြီးဘယ်လိုလုပ်ရမလဲ၊ အခုတော့ ငါလယ်ပင်းဆုတ်ထားပြီ၊ လယ်ပင်းလွှတ်လိုက်ပြန်တော့လဲ တခါလက်ပတ်ထားတယ်၊လက်ပတ်ထားတော့ ကိုက်တော့မှာဘဲ၊ မြွေကိုက်မှာကိုး၊ သေမှာကြောက်ပြီ၊ ရုပ်ပျက်ကြီးမြင်တော့မှ မျက်စေ့ကလဲကြောက်ပြီ၊ နားကလဲ ကြောက်တယ်၊ နှာခေါင်းကလဲ ကြောက်တယ်၊ သုခဝေဒနာ မခံစားနိုင်တော့ဘူး၊ ဒုက္ခဝေဒနာဖြစ်ပြီ၊ မြွေဟောက်လယ်ပင်း ဆုတ်သလိုအဲဒီတော့ မြွေဘေးကလွှတ်အောင်ငါဘယ်လိုလုပ်ရပါ့မလဲ၊ ဒီလိုနဲ့တော့မရဘူး၊ မြွေကိုသေအောင် ငါသတ်ရမယ် ဆိုပြီးတော့အဲဒီတော့မှ တခါထဲအကြံရတယ်၊ ဒီလိုနဲ့တော့မရဘူး၊ တဘက်ထဲဆုတ်ထားရာက နှစ်ဘက်ဆုတ်ပြီး လယ်ပင်းနှစ်ဘက်ဆုတ်ပြီးတော့ သေအောင်ညှစ်သတ်မယ်ဆိုပြီးတော့ မြွေကြီးလယ်ပင်း ၂-ဘက်ညှစ်ပြီးတော့ လယ်သိမ်ချိုးလိုက်တော့ တခါထဲမြွေကြီးလဲအသက်မရှုနိုင်ဘဲနဲ့ တခါထဲသေရော၊ သေတော့တခါထဲ လက်ပတ်ထားတဲ့အမြီးတွေက မြုတ် ပြုတ်ကျသွားတော့ အဲဒီတော့မှ

WWW.DHAMMARANSI.COM



တကာကြီးရေ မြေဘေားကလွတ်တယ်၊ အဲဒီတော့မှ လက်မှုပွတ်ကူတော့မှ ဃနကြေသွားမှ တကာကြီးလွတ်တာ။

တကာမကြီးတွေ့ပုံမပျက်တော့ စုံမက်လိမ့်မယ်၊ ပုံပျက်တော့ မစုံမက် မတာတွယ်ဘူးနော်–

"အဲဒီတော့ ပုံမပျက်တဲ့ပုဂ္ဂိုလ်ဟာ တကာကြီးရဲ့ လူထင်နေဘယ်၊ ဘီလူးကို လူထင်နေတယ်၊ အဲဒီတော့ ဘီလူးကို လူထင်နေတဲ့ ဥစ္စာကို ပုံပျက်အောင် ဖျက်ကြပါလား။ အသုဘလက္ခဏာ ရှုကြပါလို့ အဲဒီတော့ ကာယသတိပဋ္ဌာန် ကာယာနုပဿနာ၊ ဝေဒနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ–"

သတိပဋ္ဌာန်တရား ၄-ပါး၊ ကာယသတိပဋ္ဌာန် ကာယာနုပဿနာ သောတာပန်၊ ဝေဒနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ သကဒါဂါမ်၊ သတိပဋ္ဌာန်တရား ၄-ပါး ကာယသတိပဋ္ဌာန်၊ ကာယာနုပဿနာ သောတာပန်၊ ဝေဒနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ သကဒါဂါမ် သောတာပန် အာဒိသောတာပန်ရယ် အသုဘလို့ သကဒါဂါမ်ရယ်၊ နှစ်မင်္ဂနှစ်ဖိုလ် ဟောကြား သြဝါဒပေးရတဲ့ အကျိုးအာနိသင်ကြောင့် အခုလာရောက်တဲ့ တကာ-တကာမတွေ့ မနုဿဘ၊ ဒုလ္လဘ ရခဲသော တရား လူရယ်လို့ ဖြစ်လာတဲ့အချိန်အခါ မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ မိတဲ့အချိန်အခါ ဓမ္မရတနာတွေလဲ ပွင့်လင်းတဲ့ အချိန်အခါ ၃-ဦး၊ ၃-ဖလယ် မိတဲ့အချိန်အခါ သမထဝိပဿနာတရား ကျင့်ကြံအားထုတ်နိုင်ကြပြီး တံခါး ၆-ပေါက် အာရုံ (၆)ပါးနဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း အသုဘလက္ခဏာ မြင်နိုင် သိနိုင် ရနိုင်တဲ့ကိုယ် ဖြစ်ကြပါစေကုန်တော့သတည်း။ (သာဓု–သာဓု–သာဓု)

WWW.DHAMMARANSI.COM

## ယောဂီသတိပြုပါ

**အာရုံ(၆)ပါး အခွင့်အရေးကို**

(အကုန်မယူနှင့် မသုံးနှင့်) မြင်သမျှ အချောင်လိုက်လျှင်

**ရင်ဝကို အပါယ်၄–ပါး, ဒါးမြှောင် စိုက်ခံရမည်**

**သတိနှင့်ခံစားပါလေ**

ကိုယ့်ကိုယ့်ကို **အရိယာတွေ** မသုံးတဲ့ **အသုဘ**

ခန္ဓာကိုယ်မှန်းသိအောင် မြင်**အောင်ကြိုးစား**ရှု

အသုဘခန္ဓာ မြင်မှ, သံသရာဝဋ် တဏှာညွတ်မှ,

လွတ်ထွက်ရာအမှန်, ပြည်နိဗ္ဗာန်ရောက်မည်။

**(သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဩဝါဒ)**

**နေ့စဉ်အားထုတ်ကြသူများ အစီအစဉ်အရ**

**မိမိကြိုက်နှစ်သက်ရာ နာရီပိုင်းဖြင့်**

**အပတ်**စဉ် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များ

(ဝါတွင်းဥပုသ်နေ့များ)

အချိန်– နေ့(၁)**နာ**ရီမှ အစပြုသည်။

ဌာန – မိုးညှင်းကျောင်းဘုရားဝင်း **သာသနာ့**မြေ

ဆိတ်ငြိမ်ရပ်ကွက်။(အရိယာဓမ္မာရုံကြီးတွင်)

**သက်တမ်း (၁)ရက်နှင့် နှစ် (၁၀၀)**

သက်တာရှည်ပြီး ခန္ဓာ ၅-ပါး ရုပ်နာမ်မကွဲလျှင်

(လားရာဂတိမသိလျှင်)

**သက်ဆိုးရှည်**

လူ့ပြည်တရက်သာနေပြီး၊ (သစ္စာ ၄-ပါးမြင်၍၊

**ခန္ဓာကိုယ်တွေ တရားသိလျှင် သက်ကောင်းရှည်။**

အဖုံးရိုက်- မိဘမေတ္တာရွှေတံဆိပ်ပုံနှိပ်တိုက်